တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်း ဆိုင်ရာ ဥပဒေအသစ်နှင့် အမျိုးသမီးများ အပေါ် ၎င်း၏သက်ရောက်မှု

## အမျိုးသမီးနှင့် တရားမျှတမှု

# ကျွန်မတို့မိသားစု ဒုက္ခမရောက်အောင် ကူညီပေးပါ။

Yangon Justice Center

၂၀၁၉

# အနှစ်ချုပ်

တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေသည် ၂၀၁၅ ခုနှစ် ဩဂုတ်လမှစတင်၍ အာဏာသက်ရောက်ပြီး ယင်းဥပဒေ၏ သတင်းကျော်ဇောမှုမှာ လျှင်မြန်စွာပြန့်နှံ့ခဲ့၍ အထူးသဖြင့်တိုးတက်မှုနည်းပါးသည့် မြို့ပြဒေသများတွင် လူသိများသည်။ Yangon Justice Center – YJC (ရန်ကုန်တရားမျှတမှုစင်တာ) မှ လေ့လာတွေ့ရှိခဲ့သည့် အထောက်အထားများအရ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ၏မူလရည်ရွယ်ချက်သည် **“အမျိုးသမီးများ တရားမဝင်မယားအဖြစ် ရောက်ရှိခြင်းမှ ကာကွယ်ရန်**[၁]**”** ဆိုသည့်စကားအစား အပြစ်ရှာရန် လက်ကိုင်တုတ်၊ အနိုင်ယူရန် လမ်းစဖွင့်ပေးခြင်း၊ မိသားစုဝင်ကြား ထိခိုက်နာကျင်စေခြင်းများသာ လက်တွေ့တွင်အများအပြားဖြစ်ပွားနေသည်ကို တွေ့ရှိရသည်။

မည်သို့သောပုံစံမျိုးဖြင့် ပြစ်မှုစွဲဆိုနိုင်မည်နည်း ဆိုသော ရှင်းလင်းသည့် ဥပဒေဆိုင်ရာ အဓိပ္ပာယ်တစ်ရပ် ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ လေ့လာတွေ့ရှိချက်များအရ ဝရမ်းမပါဘဲဖမ်းဆီးနိုင်ခြင်း၊ အာမခံရယူနိုင်ရန် ခက်ခဲခြင်း၊ ရုတ်သိမ်းခွင့်ရရန် ခက်ခဲခြင်းတို့ကို တွေ့ရသည်။ ထို့အပြင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ[၂] အရဆိုလျှင် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွဲဝေယူမှုတွင် မယားပြိုင်များ၏ အခွင့်အရေးမှာအတူတူဖြစ်သည်။ ယနေ့ပြဋ္ဌာန်းလိုက်တဲ့ တစ်လင်တစ်မယားစနစ်ကျင့် သုံးခြင်းဆိုင်ရာ ဥပဒေအသစ်တွင်မူ ပစ္စည်းဥစ္စာပိုင်ဆိုင် ခွဲဝေခြင်းသည် တစ်ဦးတည်းက အကုန်ရရှိသွားနိုင်သည့် အခြေအနေမှာ ယင်းဥပဒေအသစ်ကို သဟဇာတမဖြစ်သည့် နည်းလမ်းဖြင့် အသုံးချသွားရန် လွယ်ကူစေပါသည်။

[၁] တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ၏ ပုဒ်မ ၄(ခ)၊ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၄၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် ပြဋ္ဌာန်းခဲ့သည်။
[၂] မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည် အများစုသက်ဆိုင်ကျင့်သုံးသောဓလေ့ထုံးစံများဖြစ်၍ မြန်မာ့ဗုဒ္ဓဘာသာဓလေ့ထုံးတမ်း ဥပဒေကဲ့သို့ နေ့အချိန်ထိ ကျင့်သုံးနေဆဲဖြစ်ဖြစ်သည်။





လေ့လာတွေ့ရှိထားသည့် အထောက်အထားများတွင် ဖော်ပြထားသော နောက်ဆက်တွဲ အကြောင်းတရားများကို လေ့လာပြီးသည့်နောက်ပိုင်း ယင်းလေ့လာတွေ့ရှိချက်များ အပေါ်အခြေခံ၍ YJC အနေဖြင့် တင်ပြအကြံပြုသည်မှာ **“ဥပဒေအရ အရွယ်ရောက်ပြီးသူများ နှစ်ဦးသဘောတူ ချစ်ကြိုက်၍ အတူပေါင်းသင်းနေထိုင်သည့် ကိစ္စကို ရာဇဝတ်မှု မြောက်သည်ဟု မသတ်မှတ်သင့်ဘဲ တရားမမှုဖြင့်သာ သတ်မှတ်သင့်ကြောင်း၊ တရားမမှုအဖြစ်သတ်မှတ်ပြီး နစ်နာခံရသူများအတွက် တရားမမှုဆိုင်ရာ ကုစားမှုများနှင့်တောင်းဆိုမှုများကို တရားဥပဒေလမ်းကြောင်းနှင့် အညီ ဖြေရှင်းသင့်ကြောင်း၊ အလားတူပင် ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ တရားစွဲဆိုခြင်း”** တို့ကို ရဲအရေးမယူပိုင်သည့် မှုခင်းကိစ္စရပ်များကဲ့သို့ လုပ်ဆောင်သင့်သည်။

အနိမ့်ဆုံးအနေဖြင့်၍ ဥပဒေကို “ပြန်လည်စိစစ်သုံးသပ်ရန်၊ ပြစ်မှုအတွက် ရှင်းလင်းတိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ရန်၊ ဝရမ်းမပါဘဲ ဖမ်းဆီးခံရခြင်းမှကာကွယ်ပေးရန်၊ ရဲအရေးယူပိုင်သည့်ပြစ်မှုမသတ်မှတ်ရန်၊ အာမခံ ပေးနိုင်သည့် ပြစ်မှုအဖြစ်သတ်မှတ်ရန်တရားစွဲဆိုပြီးနောက်ကျေအေးခွင့်ပြုနိုင်သည့် ပြစ်မှုအဖြစ်သတ်မှတ်ရန်” စသည်တို့ကိုပြန်လည်စိစစ်သုံးသပ်ပြီးလိုအပ်သည်များကိုပြန်လည်ပြင်ဆင်သင့်ကြောင်း အကြံပြုလိုပါသည်။

# တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်း ဆိုင်ရာဥပဒေ

တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဌာန်းခဲ့ပြီး အမျိုးဘာသာ စောင့်ရှောက်ရေးဥပဒေ[၃] (၄) ခုထဲမှာ တစ်ခုပါဝင်သည်။ ၎င်း၏ ရည်ရွယ်ချက်မှာ[၄] အောက်ပါအတိုင်းဖြစ်သည်။

ပုဒ်မ ၄

(က) ဥပဒေနှင့်အညီ ထိမ်းမြားကြသော လင်နှင့်မယားတို့ တစ်ဦးအပေါ်တစ်ဦး သစ္စာရှိစွာဖြင့် သာယာချမ်းမြေ့သည့် အိမ်ထောင်တည်ဆောက်နိုင်စေရန်၊

(ခ) တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများ တရားမဝင်မယား အဖြစ်ရောက်ရှိခြင်းမှ ကာကွယ်ရန်၊

(ဂ) အိမ်ထောင်ဖက်တစ်ဦးထက်ပို၍ ယူခြင်းကြောင့်ဖြစ်ပွားနိုင်သည့်အိမ်ထောင်ရေး ပြဿနာနှင့် အိမ်ထောင်ရေးမှုခင်းများကို တားဆီးနိုင်ရန်၊

(ဃ) အမျိုးသား၊ အမျိုးသမီးများ၏ ကိုယ်ကျင့်တရား ပိုမိုထိန်းသိမ်းနိုင်ကြစေရန်၊

တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေမှာ လူအများ၏ အာရုံစိုက်ခြင်းကို ခံရသော်လည်း ထိုဥပဒေနှင့်ဆင်တူသည့် ရာဇသတ်ကြီး ဥပဒေပြဌာန်းချက်များလည်း ယခုအချိန်အထိ အသက်ဝင်နေဆဲ ၎င်းတို့မှာရာဇသတ်ကြီး ပုဒ်မ ၄၉၄[၅] နှင့် ၄၉၅[၆]



[၃] တိကျ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈၊ ၂၀၁၅ ခုနှစ် မေလ ၁၉ ရက်)၊ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၈၊ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၆ ရက်)၊ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၀၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၆) နှင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၄၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်)

[၄] တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅၄၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်) ပုဒ်မ ၄။

[၅] **"လင်သို့တည်းမဟုတ် မယားရှိနေစဉ်ကာလအတွင်း ထပ်မံထိမ်းမြားခြင်း။"** မည်သူမဆို၊ အသက်ရှင်သောလင်ဖြစ်စေ၊ မယားဖြစ်စေ ရှိသည်ဖြစ်၍ နောက်ထပ်ထိမ်းမြားရာတွင်၊ ထိုလင်ဖြစ်စေ၊ ထိုမယားဖြစ်စေ အသက်ရှင်လျက်ရှိခြင်းကြောင့် ထိမ်းမြားခြင်းအတည် မဖြစ်သောကိစ္စမျိုး၌ နောက်ထပ်ထိမ်းမြားလျှင်၊ ထိုသူကို ခုနှစ်နှစ်ထိ ထောင်ဒဏ်အမျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ [**ကင်းလွတ်ချက်**။ ။ မူလထိမ်းမြားခြင်းသည် အတည် မဖြစ်ဟု စီရင်ပိုင်ခွင့်ရှိသော ရုံးတော်က စီရင်ဆုံးဖြတ်ပြီးဖြစ်လျှင်၊ ဤပုဒ်မနှင့် မသက်ဆိုင်စေရ။ အထက် လင်သော်၎င်း၊ အထက်မယားသော်၎င်း အသက်ရှိ စဉ်ကာလအတွင်း နောက်ထပ် ထိမ်းမြားသည့်ကိစ္စတွင်၊ ထိုလင်သည် သို့တည်းမဟုတ် ထိုမယားသည် ခုနစ်နှစ်တိုင်တိုင်မလာရောက်ရှိလျှင်၎င်း၊ ထိုအချိန် ကာလအတွင်း၌လည်း ထိုလင် သို့တည်း မဟုတ် ထိုမယား အသက်ရှင်လက်ရှိသည်ဟု မကြားခဲ့လျှင်၎င်း၊ နောက်ထပ် ထိမ်းမြားမည့်သူကို ထိမ်းမြားခြင်းမပြုမီ မိမိသိသမျှဖြစ်သော အကြောင်းချင်းရာအမှန်ကို ဖွင့်ပြောလျှင်၎င်း ဤပုဒ်မနှင့် မသက်ဆိုင်စေရ။]



ဒုတိယမယား အိမ်ထောင်ပြုခြင်းနှင့် သိုသိုသိပ်သိပ် ဒုတိယမယား အိမ်ထောင်ပြုခြင်းတို့အပြင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၉၇[၇] အရ အိမ်ထောင်ရေးဖောက်ပြန်မှုတို့ဖြစ်သည်။ အမြင့်ဆုံး ချမှတ်နိုင်သောပြစ်ဒဏ် (၇)နှစ်မှ (၁၀)နှစ်ဖြစ်ပြီး ဥပဒေအသစ်နှင့် အတူတူပင်ဖြစ်သည်။ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေတွင် ပါဝင်လာသည့်အသစ်ပြဌာန်းချက်မှာ အမျိုးသမီးများလည်း ထိုပုဒ်မဖြင့် တရားစွဲဆိုခံရပြီး အပြစ်ဒဏ်ခံရနိုင်ည်။ ဆိုလိုသည်မှာ တစ်လင် တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြောင်းအရ အိမ်ထောတတင်ရှိသူအမျိုးသား၊ အမျိုးသမီးများသည် အခြားသူများနှင့် အိမ်ထောင်ရေးဖောက်ပြန်မှုပြုလုပ်လျှင် ရာဇဝတ်မှုမြောက်သည်ဟု ပြဌာန်းထားခြင်းဖြစ်သည်။ ၎င်းရာဇဝတ်မှုသည် ဝရမ်းမပါဘဲ အဖမ်းခံရခြင်း တစ်ခါတစ်ရံ ကာယကံရှင်ကိုယ်တိုင် မဟုတ်ဘဲ (တတိယပုဂ္ဂိုလ်)မှပင် တိုင်ကြားနိုင်ခြင်းတို့လည်း ပြဌာန်း ထားသည်။ ထို့ကြောင့် ရဲများအနေဖြင့်လည်း လုံလောက်သည့် သက်သေများမရှိသည့်တိုင် ဖမ်းဆီးနိုင်သည်။ ယခုထက်ပို၍ ဆိုးရွားသည်မှာ လင်မယားချင်းပြေလည်၍ တိုင်ကြားသူမှအမှုကို ရုတ်သိမ်းမည်ဆိုပါကလည်း အလွယ်တကူ ရုတ်သိမ်း၍မရခြင်း၊ စွပ်စွဲခံရသူအတွက်လည်း အာမခံရရန်ခက်ခဲခြင်းတို့ ကိုတွေ့ရသည်။

တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေသစ်သည် လက်ရှိရှိပြီးသား မြန်မာ့ရိုးရာဓလေ့ထုံးတမ်း ဥပဒေနှင့်လည်း သွေဖီနေကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသားတစ်ယောက်သည် တစ်ယောက်ထက်မကဇနီးများကို တရားဝင်လက်ထပ်နိုင်ပြီး ထိုမယားပြိုင်များ အတွက်လည်း ညီမျှသောပိုင်ဆိုင်မှု ပစ္စည်းများကို ခွဲဝေပေးရန်ပါရှိသည်။ ယခုတစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေသစ်တွင်မူ နောက်ထပ် မယားရှိခြင်းသည်ရာဇဝတ်မှုမြောက်ပြီး ပြစ်ဒဏ်မှာ (၇) နှစ်အထိ ပေးနိုင်ခြင်းဖြစ်သည်။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေအရဆိုလျှင် အမျိုးသား၊ အမျိုးသမီးက ၎င်းတို့အိမ်ထောင်ဖက်သည် အိမ်ထောင်ရေးဖောက်ပြန်လျှင် ကွာရှင်းခွင့်



[၆] **"နောက်ထပ် ထိမ်းမြားမည့်သူအား အထက်က ထိမ်းမြားခြင်းအကြောင်းကို ထိမ်ချန်သည့်အတွက် ထပ်တူပြစ်ဒဏ်။ ။** မည်သူမဆို၊ နောက်ထပ် ထိမ်းမြား မည့်သူအား၊ အထက်က ထိမ်းမြားခြင်းအကြောင်းကို ထိမ်ချန်၍၊ တဆက်တည်းဖြစ်သော အထက်ပုဒ်မ၌ ဖော်ပြထားသည့် ပြစ်မှုကို ကျူးလွန်လျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်အမျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

[၇] **"မယားခိုးမှု**။ ။ မည်သူမဆို၊ လင်ရှိမယားလည်းဖြစ်၍ လင်ရှိမယားဖြစ်ကြောင်း မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ထိုသို့ ဖြစ်ကြောင်း မိမိယုံကြည် ရန် အကြောင်းရှိသည့်လည်းဖြစ်သော မိန်းမကို လင်ဖြစ်သူ သဘောမတူဘဲသော်၎င်း၊ အလိုတူရာရောက်ခြင်းမရှိဘဲသော်၎င်း ကာမစပ်ယှက်ခြင်း ပြုရာ၌ မုဒိမ်း မှုမမြောက်လျှင်၊ မယားခိုးမှုကို ကျူးလွန်ခြင်းဖြစ်၍၊ ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထိုအမှုမျိုးတွင် မယားဖြစ်သူကို အားပေးကူညီသူအဖြစ်ဖြင့် ပြစ်ဒဏ် မထိုက်စေရ။"

တောင်းခံနိုင်ပြီး ပိုင်ဆိုင်မှုများ အားလုံး ရရှိမည်ဖြစ်သည်။ မြန်မာ့ ဓလေ့ဥပဒေတွင်မူ မယားပြိုင်များလဲ ပိုင်ဆိုင်မှု ကို အညီအမျှ ရရှိနိုင်သည်။

| | အဓိပ္ပါယ်ဖွင့်ဆိုချက် | အမြင့်ဆုံး ပြစ်ဒဏ် | ရဲအရေး ပိုင်ခြင်း | ကျေအေး ရုပ်သိမ်းခွင့် ရှိခြင်း |
|---|---|---|---|---|
| တစ်လင် တစ်မယားစနစ် ကျင့်သုံးခြင်း ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀ | “ ဥပဒေတစ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ၊ လင်နှင့်မယားတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ တရားဝင်ထိမ်းမြားပြီးသည့် ယောကျ်ား သို့မဟုတ် မိန်းမ သည် အဆိုပါ ထိမ်းမြားမှု တည်မြဲနေစဉ်ကာလအတွင်း ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်း မပြုရ သို့မဟုတ် လင်မယားအဖြစ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်းမပြုရ။” | (၇)နှစ်ထက်မပိုသောထောင် ဒဏ် နှင့် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ | ရဲအရေး ပိုင်သည်။ | ကျေအေး၊ ရုတ်သိမ်းခွင့်မရှိ။ အာမခံနှင့် လွှတ်ပေးခြင်းမရှိ။ |
| တစ်လင် တစ်မယားစနစ် ကျင့်သုံးခြင်း ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂ | “ မည်သူမျှ ဥပဒေတစ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ၊ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် ထပ်မံ၍ထိမ်းမြားမှုမပြုရ သို့မဟုတ် လင်မယားအဖြစ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်းမပြုရ။” | (၇)နှစ်ထက်မပိုသောထောင် ဒဏ် နှင့် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ | ရဲအရေး ပိုင်သည်။ | ကျေအေး၊ ရုတ်သိမ်းခွင့်မရှိ။ အာမခံနှင့် လွှတ်ပေးခြင်းမရှိ။ |
| တစ်လင် တစ်မယားစနစ် ကျင့်သုံးခြင်း ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၇ | “ မည်သူမဆို ဥပဒေတစ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ၊ ထိမ်းမြားပြီးသော ယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးဦးသည် အဆိုပါထိမ်းမြားမှု အတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိမ်ချန်၍ အခြား ယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးဦးကို ထပ်မံထိမ်းမြားခြင်းမပြုရ။” | (၁၀)နှစ် နှင့် ဒဏ်ငွေချမှတ်နိုင်သည်။ | ရဲအရေး ပိုင်သည်။ | ကျေအေး၊ ရုတ်သိမ်းခွင့်မရှိ။ အာမခံနှင့် လွှတ်ပေးခြင်းမရှိ။ |
| ရာဇသတ်ကြီး ပုဒ်မ ၄၉၄ | “ မည်သူမဆို၊ အသက်ရှင်သော လင်ဖြစ်စေ၊ မယားဖြစ်စေ ရှိသည်ဖြစ်၍နောက်ထပ် ထိမ်းမြားရာတွင်၊ ထိုလင်ဖြစ်စေ၊ ထိုမယားဖြစ်စေ အသက်ရှင်လျက်ရှိခြင်းကြောင့် ထိမ်းမြားခြင်း အတည်မဖြစ်သော ကိစ္စမျိုး၌ နောက်ထပ်ထိမ်းမြားခြင်းမပြုရ။” | (၇)နှစ်ထိ နှင့် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ | ရဲအရေး မပိုင်ပါ။ | တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျေအေး ရုတ်သိမ်းခွင့်ရှိသည်။ အာမခံနှင့် လွှတ်ပေးသည်။ |
| ရာဇသတ်ကြီး ပုဒ်မ ၄၉၅ | “ မည်သူမဆို၊ နောက်ထပ်ထိမ်းမြားမည့်သူအား၊အထက်ထိမ်းမြားခြင်းအကြောင်းကို ထိန်ချန်၍၊ တဆက်တည်းဖြစ်သော အထက်ပုဒ်မ၌ ဖော်ပြထားသည့်ပြစ်မှုကို ကျူးလွန်လျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ် တမျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ | (၁၀)နှစ် နှင့် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ | ရဲအရေး မပိုင်ပါ။ | တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျေအေး ရုတ်သိမ်းခွင့်ရှိသည်။ အာမခံနှင့် လွှတ်ပေးသည်။ |

အမျိုးသမီးနှင့်တရားမျှတမှု ၊ အနှစ်ချုပ်

# ရန်ကုန်တရားမျှတမှုစင်တာ YJC နှင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ

**YJC သည် ရန်ကုန်တိုင်းအတွင်းရှိ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေဖြင့် တရားစွဲခံရသူအမှုပေါင်း (၅၇)[၁၀]ခု၊ စွပ်စွဲခံရသူ (၆၂)ဦးတို့ကို အခမဲ့ ဥပဒေဆိုင်ရာအထောက်အကူပေးခဲ့သည်။ ထိုစာရင်းမှာ၂၀၁၅ ခုနှစ် ဩဂုတ်မှ ၂၀၁၈ ခုနှစ် အောက် တိုဘာလအတွင်း ရရှိထားသည့်စာရင်းများ ဖြစ်ပါသည်။**
၎င်းအပြင် နိုင်ငံအနှံ့အပြားမှ လာသော တစ်လင်တစ်မယားနှင့်ပတ်သက် သည့် ဥပဒေဆိုင်ရာအကြံပေးမှုများကိုလည်း တယ်လီဖုန်းများဖြင့် လက်ခံဆွေးနွေးပေးခြင်းလည်းရှိပါသည်။အမျိုးသမီးအများစုသည်၎င်းတို့၏ခင်ပွန်းများကို တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ(၁၃)[၁၁] နှင့် တရားစွဲဆိုထားခဲ့ကြသည်။ ၎င်းအပြင် အမျိုးသမီးများကို ၎င်းတို့၏ အမျိုးသားများမှပြန်လည်စွဲဆိုထားသော အမှုများလည်း ရှိပါသည်။ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်း ဆိုင်ရာဥပဒေ ပုဒ်မ (၁၇)[၁၂] ဖြင့် စွဲချက်တင်ခံထားရသော ထိုအမှုမျိုးများကိုအမျိုးသားများထံတွင် အများဆုံးတွေ့ရသည်။ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ (၁၇) ဆိုသည်မှာ "ကျူးလွန်သူ အမျိုးသားအများစုသည် ၎င်းတို့၏ ပထမအိမ်ထောင် အကြောင်းကို အသိမပေးဘဲ ဒုတိယတစ်ယောက်နှင့် ချစ်ကြိုက် အတူနေထိုင်ခြင်းဖြစ်သည်။ YJC ၏ အမှုသည် ၇၀% မှာ အမျိုးသားများ ဖြစ်ပြီး ၃၀% မှာ အမျိုးသမီးများဖြစ်သည်။"

[၁၀] တချို့အမှုများတွင် အိမ်ထောင်ရှင်နှင့် ၎င်းနှင့်အတူနေထိုင်နေသူနှစ်ယောက်လုံးအား တရားဆွဲဆိုခြင်းဖြစ်သည်။
[၁၁] တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ -
**ပုဒ်မ ၁၃။ ။ မည်သူမဆို ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၂ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။**
**ပုဒ်မ ၁၀။ ။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ကိုးကွယ်ရာ ဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ လင်နှင့်မယားတစ်ဦးသို့မဟုတ် တစ်ဦးထက် ပို၍တရားဝင်ထိမ်းမြားပြီးသည့် ယောကျ်ားသို့မဟုတ်မိန်းမသည် အဆိုပါထိမ်းမြားမှု တည်မြဲနေစဉ်ကာလအတွင်း ဤဥပဒေအာဏာ တည်သည့်နေ့မှစ၍ အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်း မပြုရ သို့မဟုတ် လင်မယားအဖြစ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်း မပြုရ။**
**ပုဒ်မ ၁၂။ ။ မည်သူမျှ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုအတည်ဖြစ်စေရန် ထပ်မံ၍ ထိမ်းမြားမှုမပြုရ သို့မဟုတ် လင်မယားအဖြစ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်း မပြုရ။**
[၁၂] မည်သူမဆို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ား သို့မဟုတ် မိန်းမတစ်ဦး ဦးသည် အဆိုပါ ထိမ်းမြားမှု အတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိမ်ချန်၍ အခြားယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးကို ထပ်မံထိမ်းမြားပါက ၁၀ နှစ် ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။



အမျိုးသမီးနှင့်တရားမျှတမှု ၊ အနှစ်ချုပ်

# ၂၀၁၅ခုနှစ် ဩဂုတ်လမှ ၂၀၁၈ ခုနှစ် ဇွန်လအထိ ရန်ကုန် တရားမျှတမှုစင်တာမှ ပြုစုထားသည့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်း ဆိုင်ရာ ဥပဒေဖြင့် တရားစွဲဆိုထားသည့် အမှုစာရင်းများ

| မြို့နယ် | ပုဒ်မ ၁၃ | ပုဒ်မ ၁၇ |
|---|---|---|
| ခရမ်း | ၇ | ၁ |
| လှိုင်သာယာ | ၂၈ | ၈ |
| ရန်ကုန်အနောက်ပိုင်းခရိုင် | ၁၃ | ၀ |
| စုစုပေါင်း | ၄၈ | ၉ |

# မှတ်တမ်းတင်ပြုစုခြင်း

YJC သည် တစ်လင်တစ်မယားစနစ်ကျင့်သုံးဆိုင်ရာဥပဒေနှင့်ပတ်သက်ပြီး လက်တွေ့ လုပ်ငန်းအတွေ့အကြုံရှိသော ရှေ့နေ(၂၅)ဦးခန့် ပါဝင်သော အဖွဲ့နှင့်တွေ့ဆုံဆွေးနွေး ခြင်း၊ တစ်ဦးချင်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲများတွင် တစ်လင် တစ်မယားစနစ်ကျင့်သုံးဆိုင်ရာ ဥပဒေနှင့်ပတ်သတ်ပြီး လေ့လာရန် သင့်တော်သည့် အမှုများအကြောင်း ဆွေးနွေးခဲ့ပြီး တစ်လင်တစ်မယားစနစ်ကျင့်သုံးဆိုင်ရာ ဥပဒေ ကြောင့် အမျိုးသမီးများအပေါ် မည်သို့သက်ရောက်မှု ရှိသည်ကိုလည်း ဆွေးနွေးခဲ့ ကြသည်။ ထိုဆွေးနွေးပွဲမှ ရရှိလာသော သတင်းအရင်းအမြစ်များအပေါ်အခြေခံ၍ အဖြစ်အများဆုံး မှုခင်းလေ့လာမှုများ (၃)ခုကို ရွေးချယ်ပြီး အထောက်အထားများ ကို မှတ်တမ်းတင်ရေးသားပြုစုခဲ့ပါသည်။ ထိုမှုခင်းလေ့လာမှုများ (၃)ခုကို ဥပဒေ ပညာရှင်များ၊ နစ်နာသူစွပ်စွဲခံရသူများ၊ အုပ်ချုပ်ရေးမှူးများနှင့် အသေးစိတ်တွေ့ ဆုံမေးမြန်းခဲ့ပြီး ရရှိသောအထောက်အထား များကို မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပါသည်။

# သာဓက ၁

## ရန်ကုန်တိုင်းဒေသကြီး [၁၇]

### မစန္ဒာ

လုံလောက်သော အကြောင်းပြချက်၊ ခိုင်မာသောသက်သေများ မရှိဘဲ အချုပ်ထဲမှာ စစ်ဆေးခံခဲ့ရသည်။



[၁၇] တွေ့ဆုံဖြေကြားပေးသူများ၏ ဘဝလုံခြုံရေးအရ ကာကွယ်ပေးနိုင်ရန် ၎င်းတို့၏ အမည်အရင်းများကို ပြောင်းလဲထားပြီး မြို့နယ်များနှင့်အခြားနေရာများ ၏ အမည်များကို မှုခင်းလေ့လာခြင်းများမှ ချန်လှပ်ထားခဲ့သည်။



**လုံလောက်သော အကြောင်းပြချက်များ၊ ခိုင်မာသောသက်သေများမရှိဘဲ ကလေးမိခင်တစ်ဦးအား အချုပ်ထဲမှာ စစ်ဆေးခဲ့၍ အမှုကြားနာစစ်ဆေးရန် ကြာမြင့်နေခြင်း**

အသက်(၄၂)နှစ် ကိုတင်ထွန်းသည် ၂၀၁၇ခုနှစ် ဧပြီလတွင် သူ၏ဇနီးမယားဖြစ်သူ အသက်(၃)နှစ် (၅)နှစ်ခန့်ရှိသော ကလေး(၂)ယောက်၏အမေ မစန္ဒာ အသက်(၂၂)ကို တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ ပုဒ်မ(၁၃)ဖြင့် တရားစွဲဆိုခဲ့သည်။ ၎င်းတို့ လင်မယားအိမ်ထောင်ပြုခဲ့သည်မှာ (၆)နှစ် သက်တမ်းကြာခဲ့ပြီဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာမန်ရပ်ကွက်တစ်ခုတွင် နေထိုင်ကြပါသည်။ ကိုတင်ထွန်းသည် မစန္ဒာ၏ ဖခင်နှင့် သွေးသားမကင်းသူဖြစ်ပြီး သူမအသက်(၁၆)နှစ်ခန့်ကပင် လက်ထပ်ခဲ့သူဖြစ်သည်။ လက်ထပ်ပြီးသိပ်မကြာခင်မှာ အရက်သေစာများသောက်စား၍ မစန္ဒာအား စတင်ရိုက်နှက်ခဲ့သည်။ မစန္ဒာမှာ စိတ်ညစ်လာ၍ ကွာရှင်းလိုသည့်အကြောင်းကို သူမ၏မိခင်အား ပြောပြခဲ့သည်။ မစန္ဒာအမေမှာ သူမအား စိတ်ရှည်သည်းခံရန်သာ ဆုံးမခဲ့သည်။ မစန္ဒာ အမေသည်လည်း အိမ်ထောင်ကွဲခဲ့တဲ့သူတစ်ဦးဖြစ်ပြီး ပရိဘောဂ လုပ်သောဆိုင်တစ်ဆိုင်တွင်အိမ်အကူအဖြစ်လုပ်ကိုင်သူဖြစ်သည်။ မစန္ဒာအဖေသည်လည်း မစန္ဒာယောက်ျားကဲ့သို့ပင် မူးယစ်သောက်စား၍ ရိုက်နှက်တတ်သူဖြစ်သောကြောင့် အိမ်ထောင်ကွဲခဲ့ခြင်းဖြစ်သည်။

၂၀၁၃ခုနှစ် တစ်နေ့တွင် မစန္ဒာအဖေ နှင့်ယောက်ျားတို့ ကိုယ်ထိလက်ရောက်ရန်ဖြစ်ခဲ့ပြီးနောက် ကိုတင်ထွန်းသည် ဇနီးနှင့်သမီးများကိုထားကာ အိမ်ပေါ်ကနေဆင်းသွားခဲ့သည်။ ထို့နောက် မစန္ဒာသိရသည်မှာ ကိုတင်ထွန်းတွင် နောက်ထပ်အမျိုးသမီးရှိပြီး ကလေးတစ်ဦးပင် ထပ်ရှိနေပြီဟုဖြစ်သည်။ ၎င်းနောက် ကိုတင်ထွန်းသည် မစန္ဒာတို့မိသားစုထံသို့ပြန်လာခဲ့ရာမစန္ဒာသည် ကိုတင်ထွန်း၏ နောက်အိမ်ထောင်အကြောင်း ဘာမှမပြောဘဲ ပြန်လည်ပေါင်းသင်းခဲ့သည်။ **"ပြန်လာပြီးသိပ်မကြာပါဘူး သူ့မိန်းမကိုပြန်ရိုက်တာဘဲ၊ သူကအရမ်းသဝန်တိုတယ်။မစန္ဒာကိုလည်း အခြားလက်သမားတစ်ယောက်နဲ့ကြိုက်နေတယ်ဆိုပြီးအမြဲစွပ်စွဲပါတယ်"**ဟုမစန္ဒာအမေမှရှင်းပြခဲ့သည်။

**ကိုတင်ထွန်း လိမ်လည်တိုင်ကြားပြီးနောက် မစန္ဒာအဖမ်းခံရခြင်းနှင့် ဝန်ခံရခြင်းအခြေအနေရင်ဆိုင်နေရခြင်း**

ကိုတင်ထွန်းသည် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးထံ သွားရောက်၍ သူ့အမျိုးသမီးမှာ နောက်ယောက်ျား ရည်းစားရှိနေသည်ဟု သံသယရှိကြောင်း တိုင်တန်းခဲ့ပြီး အုပ်ချုပ်ရေးမှူးနှင့် ကိုတင်ထွန်းတို့လက်ပူးလက်ကျဖမ်းဆီးရန် သွားရောက်ခဲ့သော်လည်း အိမ်တွင် တစ်ယောက်မှမရှိခဲ့ကြောင်း မစန္ဒာ၏မိခင်က ပြန်လည်ပြောပြခဲ့သည်။ နောက်တစ်ခါတွင် မစန္ဒာ၊ ထိုလက်သမားနှင့် အခြားသူငယ်ချင်း တစ်ယောက် ဘုရားနားတွင်စကားပြောနေသည်ကို တွေ့ရသည်နှင့်ကိုတင်ထွန်းသည် ၎င်း၏ညီနှင့် ဆယ်အိမ်မှူးတို့ကိုပြေးခေါ်ပြီး မစန္ဒာနှင့်လက်သမားအား အုပ်ချုပ်ရေးမှူးရုံးသို့ခေါ်ဆောင် သွားရန်တွန်းအားပေးခဲ့ကြသည်။အုပ်ချုပ်ရေးမှူးမှတစ်ဆင့်ရဲစခန်းထံသို့ လွှဲအပ်ခဲ့သည်။



မစန္ဒာကို ရဲစခန်းမှာ ကိုတင်ထွန်းက "နင်ဝန်ခံလိုက် ဝန်ခံလိုက်ရင်ပြီးသွားမှာ ပြီးတော့ ငါတို့လည်းမုန့်အတူတူ သွားစားကြတာပေါ့" ဟူ၍ ဖျောင်းဖျပြီး ဝန်ခံလိုက် ရန်တိုက်တွန်းခဲ့သည်။ ရဲစခန်းမှာ ရောက်နေသော မစန္ဒာမှာ အတွေ့အကြုံလည်းမရှိ၊ ဘာလုပ်ရမှန်းလည်းမသိသောကြောင့် ကိုတင်ထွန်းပြောသည့်အတိုင်း ဝန်ခံခဲ့ရသည်။ ဤကိစ္စများကို ရှေ့နေကနေတဆင့် ပြန်ပြောပြခဲ့သည်။ ရဲစခန်းဝန်ထမ်းများက အမှုဖွင့်ပေးပြီးနောက် သူမကို အင်းစိန်ထောင်တွင် ဖမ်းချုပ်ထားခဲ့သည်။ မစန္ဒာနှင့် အတူစွပ်စွဲခံရသော အမျိုးသားကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ကိုတင်ထွန်းသည် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေအကြောင်း နားလည်ခြင်း၊ အမှုအတွက် ငွေကုန်ကြေးကျခံနိုင်ခြင်းကြောင့် အမှုလိုက်ရန်ရှေ့နေကို

အမျိုးသမီးနှင့်တရားမျှတမှု ၊ သာဓက ၁

လည်းငှားရမ်းနိုင်ခဲ့သည်။ မစန္ဒာမှာမူ ဆင်းရဲသည့် မိသားစုမှ မွေးဖွားလာခဲ့ခြင်း၊ တရားဥပဒေနှင့် ပတ်သက်သည့်ဗဟုသုတ၊ အတွေ့အကြုံမရှိခြင်းတို့ကြောင့် သူမဝန်ခံလိုက်မှု၏ နောက်ဆက်တွဲ ဆိုးကျိုးများအကြောင်းကိုလည်း နားမလည်ခဲ့ပါ။

မစန္ဒာအမေသည် အကျိုးအကြောင်းသိသည်နှင့်တစ်ပြိုင်နက် အမှုကိုခုခံကာကွယ်ရန် အတွက် အတိုးနှုန်းကြီးကြီးဖြင့် ပိုက်ဆံ ချေးခဲ့ရသည်။ နောက်ပိုင်းတွင် ရှေ့နေ ငှားရမ်းစရိတ်များ ထပ်မပေးနိုင်တော့သောကြောင့် ငွေကြေးမယူဘဲ ကူညီထောက်ပံ့ ပေးနိုင်သည့် ရန်ကုန်တရားမျှတမှုစင်တာထံသို့ ချိတ်ပေးခဲ့သည်။

## ငယ်ရွယ်သူ ကလေးငယ်နှစ်ဦး၏ မိခင်အတွက် အာမခံမရရှိခြင်းအပြင် အမှုကြားနာစစ်ဆေးသည်မှာလည်း မပြီးနိုင်ဖြစ်နေသည်။

အမှုကြားနာသည်မှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့သည်။ ထိုကာလအတွင်း မစန္ဒာနှင့် စွပ်စွဲခံရသူ အမျိုးသားနှစ်ဦးလုံးကို အင်းစိန်အချုပ်မှာ ထိန်းသိမ်းထားခဲ့သည်။ မစန္ဒာ အချုပ်ထဲရှိ နေစဉ်ကာလအတွင်း သူမ၏ကလေးများနှင့်လည်း တွေ့ခွင့်မရခဲ့ပါ။ သူမ၏ အမျိုးသားမှာ သူမ၏ကလေးများနှင့်လည်း တွေ့ခွင့်မပေးခဲ့ပါ။ ၎င်းအပြင် မစန္ဒာ၏ဖခင်သည်လည်း ဆုံးပါးသွားခဲ့ပါသည်။ ဖခင်၏ နာရေးကိုလည်း သူမ မသွားနိုင်ခဲ့ပါ။





အမှုကြားနာစစ်ဆေးသည့် ကာလကြာမြင့်ရခြင်း အကြောင်းအရင်းမှာ အမှုစစ်ဆေးစဉ်အတွင်း တရားသူကြီး အပြောင်းအလဲများဖြစ်ခြင်း၊ ရှေ့နေ ငွားရမ်းစရိတ်မတတ်နိုင်၍ ရှေ့နေပြောင်းရခြင်း၊ လိုအပ်သောသက်သေများ ချိန်းဆိုသည့်နေ့တွင်လာရောက်ရန် ပျက်ကွက်ခြင်းတို့ကြောင့်ဖြစ်သည်။ မစန္ဒာ၏ ပထမရှေ့နေမှာ မစန္ဒာအတွက်အာမခံ မလျှောက်ပေးခဲ့ပါ။ အကြောင်းအရင်းမှာ ဥပဒေပုဒ်မသည် အာမခံမပေးနိုင်သည့် အမှုဖြစ်နေခြင်း၊လုပ်ထုံးလုပ်နည်းများအရရှုပ်ထွေးရှည်လျားခြင်းတို့ကြောင့်ဖြစ်သည်။ မစန္ဒာ၏ရှေ့နေအသစ်မှာမူ "တရားသူကြီးအားအာမခံလျှောက်နိုင်မှု ဖြစ်နိုင်ခြေရှိ/မရှိ" မေးမြန်းပေးခဲ့ပါသည်။ တရားသူကြီးမှ "မရနိုင်" ဟု ပြောခဲ့သော်လည်း ရှေ့နေအသစ်မှာ ဖွဲ့မလျော့ဘဲ တရားဝင်စာ တင်သွင်းရန်ကြိုးစားနေသည်။ အဓိကအာမခံ လျှောက်မည့်အကြောင်းမှာ ကလေးငယ်နှစ်ဦးနှင့် ခွဲနေရသည်မှာ တစ်နှစ်ကျော်ကြာပြီဖြစ်သောကြောင့် ဖြစ်ခဲ့ပါသည်။ ရှေ့နေအသစ်၏ ကြိုးစားနေမှုကြောင့် ကိုတင်ထွန်းသည်လည်း ထိုအမှုကို တရားရုံး ပြောင်းပေးရန် လျှောက်လွှာတင်နေကြောင်းတွေ့ရပါသည်။ "တရားသူကြီးက ဘက်လိုက်မှာ စိုးရိမ်တယ်" ဟူသော အကြောင်းပြချက်ဖြင့် တရားရုံးပြောင်းစစ်ရန် လျှောက်ထားမှုသည်ထိုအမှုကို ပို၍ကြာနေစေရန် လမ်းစပေးသကဲ့သို့ ဖြစ်နေခဲ့သည်။

# သာဓက ၂

## ရန်ကုန်တိုင်းဒေသကြီး။ ဒေါ်လှမင်း

**တစ်လင်တစ်မယားဥပဒေအား လက်တစ်လုံးခြားအသုံးချခံရ၍ မိဘပိုင်အမွေပစ္စည်းများနှင့် ပိုင်ဆိုင်မှုများဆုံးရှုံးခဲ့ရသည်။**





ယခုအမှုသည် လူလတ်ပိုင်း အမျိုးသားတစ်ဦးအား သူ၏ဒုတိယဇနီးက တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မဖြင့် တရားစွဲဆိုခံရသောအမှုဖြစ်သည်။ ထိုအမျိုးသားသည် ပထမဇနီးရော ဒုတိယဇနီးကိုပါလက်ထပ်ပေါင်းသင်းခဲ့သည်မှာ နှစ်အတော်ကြာ ပေါင်းသင်းခဲ့ကြသည်။ ထိုအချိန်တုန်းကဆိုလျှင် ဇနီး (၂) ယောက်ပေါင်းသင်းခြင်းကိုမြန်မာ့ဓလေ့ထုံး တမ်းဥပဒေအရလက်ထပ်ပေါင်းသင်းခွင့်ရသည်အချိန် ဖြစ်သည်။

**ဒုတိယဇနီးက ဦးဝင်းအားအမှုဖွင့်အရေးယူသည့်အချိန်သည် ပထမဇနီးနှင့် အိမ်ထောင်သက်(၃၀) နှစ်၊ ဒုတိယဇနီးနှင့် အိမ်ထောင်သက် (၁၀) နှစ် ရှိပြီးဖြစ်သည်။**

ဦးဝင်း (၅၄)နှစ်၊ ဒေါ်လှမင်း(၄၉)နှစ်တို့သည်တစ်ရွာတည်းတွင် အတူနေထိုင်ခဲ့ကြသူများဖြစ်ပြီး လွန်ခဲ့သော နှစ်(၃၀)တွင် မြန်မာ့ဓလေ့ထုံးတမ်းအရ လက်ထပ်ထိမ်းမြားခဲ့ကြသူများဖြစ်သည်။ “ရွာဓလေ့လက်ထပ်ထိမ်းမြားခြင်း”မှာရွာသားများ၊ အိမ်ပတ်ဝန်းကျင်မှ အိမ်နီးနားချင်းများကိုဖိတ်ကြားပြီး အသိအမှတ်ပြုသည့် ပွဲလေးမျှသာဖြစ်ပါသည်။ ၎င်းတို့တွင် လက်ထပ်ထိမ်းမြားပြီးကြောင်း တရားဝင်စာချုပ်စာတမ်းမရှိပါ။ နာဂစ်မဖြစ်ခင် (၁)နှစ်အလို ၂၀၀၇ ခုနှစ်တွင် လင်မယားချင်း အခန့်မသင့်၍ ဒေါ်လှမင်းသည် သူမ၏ ညီအစ်ကိုမောင်နှမများရှိရာ ရန်ကုန်သို့ ထွက်လာခဲ့ပြီး ဟင်းသီးဟင်းရွက်ဆိုင်ဖွင့်၍ ဈေးရောင်းနေခဲ့ပါသည်။ ယောကျ်ားဖြစ်သူ ဦးဝင်းမှာ ရွာမှာကျန်ခဲ့ပြီး မိဘလက်ငုတ်လက်ရင်းဖြစ်သော စိုက်ပျိုးရေးကို ဆက်လက်လုပ်ကိုင်နေခဲ့သည်။ သူတို့ လင်မယားတွင် သားသမီးမထွန်းကားခဲ့ပါ။ လင်မယား (၂)ယောက် သိပ်မတွေ့ဖြစ်ကြသည့် အချိန်တွင် ဦးဝင်းသည် ဘေးရွာမှ နောက်အမျိုးသမီးတစ်ဦးနှင့် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ပထမအမျိုးသမီး ဒေါ်လှမင်းသည် ဦးဝင်း နောက်အမျိုးသမီးနှင့် ပေါင်းသင်းလျှက်ရှိသည်ကိုသိရှိထားပြီး ဒုတိယအမျိုးသမီးကလည်း ဦးဝင်းတွင်ပထမအမျိုးသမီးရှိခဲ့သည်ကို သိရှိခဲ့ကြသည်။ ဒုတိယအမျိုးသမီးနှင့်လည်း သားသမီး မထွန်းကားပါ။

ဦးဝင်းသည် လွန်ခဲ့သော (၆) နှစ်မှစ၍ ပထမဇနီးဒေါ်လှမင်းနှင့် ပြန်လည်ပေါင်းသင်းခဲ့ပြန်သည်။ သူတို့လင်မယားသည် ကျူးကျော်ရပ်ကွက်တစ်ခုတွင် အိမ်သေးသေးလေး (၁)လုံးကို (၇)သိန်းဖြင့် ဝယ်ယူနေထိုင်ခဲ့သည်။ ဦးဝင်းအနေဖြင့်သွားလိုက်လာလိုက်လုပ်နေခဲ့သော်လည်း နောက်ပိုင်းတွင် ပထမဇနီးနှင့်သာအနေများခဲ့ပါသည်။ ထို့ကြောင့်

ဒုတိယဇနီးသည် အထီးကျန်ရသည် ဟုခံစားရပြီး ဦးဝင်းအား တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၃)နှင့် တရားစွဲဆိုခဲ့သည်။ ထိုသို့စွဲဆိုခြင်းမှာ ရန်ကုန်တွင်နေသော သူမ၏ မောင်မှ အကြံပြုလမ်းညွှန်ခဲ့သောကြောင့်ဖြစ်သည်။

**ဦးဝင်းအမှုတွင် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ မပြဋ္ဌာန်းမီ လက်ထပ်ခဲ့ကြခြင်းဖြစ်၍ တာဝန်ရှိရဲများကဦးဝင်းကိုအမှုဖွင့်အရေးယူခဲ့ပြီး တရားရုံးမှာဖြေရှင်းကြရန် တွန်းအားပေးခဲ့သည်။**

တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းအသက်ဝင်ပြီး နောက်တစ်နှစ်ခန့်အကြာ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် ဒုတိယဇနီးသည် ရန်ကုန်သို့ လိုက်လာပြီး ဦးဝင်းကို နောက်အမျိုးသမီးတစ်ဦးနှင့် အတူနေကြောင်း ရဲစခန်းသို့ တိုင်တန်းခဲ့ပါသည်။ ထိုသို့ တိုင်ကြားရာတွင် ဒေါ်လှမင်းမှာ ပထမဇနီးဖြစ်ကြောင်းကို ထိန်ချန်ခဲ့သည်။ ဦးဝင်းနှင့်ဒေါ်လှမင်း နှစ်ဦးစလုံးမှာ နှစ်ပေါင်း (၃၀) ပေါင်းသင်းလာခဲ့သည့် လင်မယားဖြစ်သည့်တိုင် ဖမ်းဆီးအရေးယူခံခဲ့ရသည်။ ထို့နောက် ဦးဝင်းအား တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၃) ဖြင့် စွဲချက်တင်ခဲ့ပြီး ဒေါ်လှမင်းအား ပြန်လွှတ်ပေးခဲ့သည်။



**တိုင်ကြားအမှုဖွင့်သူသည်ဥပဒေကိုအသုံးချ၍ နစ်နာကြေးပေးရန် ခြိမ်းခြောက်ခဲ့ကြသည်။**

ဒုတိယဇနီးဖြစ်သူသည် ရဲစခန်းသို့ တရားဝင် မတိုင်ကြားခင် ဦးဝင်းနှင့်ဒေါ်လှထံသို့ ဆက်သွယ်၍ တိုင်ကြားခြင်းမခံလိုလျှင် နစ်နာကြေး/လျော်ကြေးငွေ (၂၅) သိန်း တောင်းခဲ့ပါသည်။ ဦးဝင်းနှင့်ဒေါ်လှမင်းတို့ ဇနီးမောင်နှံတွင် ထိုငွေမရှိသဖြင့်ရဲစခန်းတွင် တိုင်ကြားခံခဲ့ပါသည်။ ဦးဝင်း အဖမ်းခံရသည့်နေ့တွင်ပင် **“ဒုတိယဇနီးမှ ဒေါ်လှမင်းထံ ထပ်မံဖုန်းဆက်ပြီး ပိုက်ဆံပေးလျှင် အမှုပိတ်ပေးမည်”** ဟု ပြောခဲ့ပါသည်။



**အမှုကြန့်ကြာစေခြင်းနှင့် ထောင်ထဲမှာနေရချိန် အခက်အခဲများသည် စွပ်စွဲခံရသူအား အမြန်ဝန်ခံစေရန် တွန်းအားပေးခဲ့သောအကြောင်းတရားများ ဖြစ်ခဲ့သည်။**

တရားလိုသည် ရှေ့နေမငှားရမ်းနိုင်သော်လည်း လိုအပ်သောဥပဒေဆိုင်ရာ အကြံဉာဏ်များကို ဥပဒေအရာရှိထံမှသာ ရယူခဲ့ပါသည်။ ထိုဥပဒေအရာရှိနှင့် အဆက်



အသွယ်ရရှိဖို့ သူမ၏အစ်ကို မိတ်ဆက်ပေးခဲ့သည်။ ဦးဝင်း၏ ပထမဇနီးသည် YJC အခမဲ့ဥပဒေဆိုင်ရာအထောက်အကူပေးသောအဖွဲ့နှင့်ချိတ်ဆက်၍ အကူအညီ တောင်းအပ်ခဲ့ပါသည်။ YJC ကိုသူမ၏အိမ်နီးချင်းများကနေတဆင့်သိခဲ့ခြင်းဖြစ်သည်။

ဦးဝင်းသည်ထောင်ထဲတွင် (၉)လခန့်ချုပ်ခံရပြီး အမှုရက်ချိန်းမှာ စုစုပေါင်း(၁၇)ကြိမ် ရှိခဲ့ပါသည်။ ထောင်ထဲ၌နေထိုင်ရ သောအခြေနေမှာ အလွန်အခက်အခဲလှပါသည်။ ရုံးချိန်းလာရောက်ရသော နေ့များတွင်လည်း အလွန်ပင်ပန်းလှသည်။ ရုံးထုတ်သော နေ့ရက်များတွင် ကားသေးသေးတစ်စီးပေါ်တွင် ထောင်သားအများစုကို တင်ဆောင် လာသောခရီးစဉ်မှာ အလွန်မွန်းကြပ်မှုဖြစ်၍ စိတ်ဒုက္ခကြီးမားလှပါသည်။ဦးဝင်းသည် ထိုဒုက္ခများကို မခံစားနိုင်တော့ဘဲ အမှုမြန်မြန်ဆန်ဆန် ပြီးမြောက်ချင်စိတ်ရှိနေပါသည်။ အမှုရက်ချိန်းတွင် သက်သေမလာခြင်း၊ ရဲမလာခြင်း၊ တရားသူကြီး မအားလပ်ခြင်း များကြောင့် အမှုကြန့်ကြာနေရသည့် အကြောင်းရင်းများ ဖြစ်ပေသည်။




ထောင်ထဲတွင် အတူတူနေ အကျဉ်းကျခံနေရသော ဦးဝင်း၏အပေါင်းအဖော်များက ဦးဝင်းအား ဝန်ခံလိုက်ရန် အကြံဉာဏ်ပေးခဲ့ကြပါသည်။ ဝန်ခံလိုက်ပါက ထိုအမှုမျိုး သည် ၁နှစ် (သို့မဟုတ်) ၁နှစ်ခွဲ ပြတ်ရမည်ဟု ပြောကြားခဲ့ကြသည်။ ထိုကိစ္စကို ဦးဝင်းသည် ရှေ့နေနှင့် ဆွေးနွေးတိုင်ပင်ခြင်း မပြုလုပ်ခဲ့ပါ ။ ရှေ့နေ၏ အကြံပြုချက်မှာ အမှုအားဝန်မခံပါနှင့်၊ အမှုအလားအလာမှာ ဦးဝင်းအတွက်ကောင်းကြောင်း သက်သေ သွင်းမည့်သူများမှာလည်း အားကောင်းကြောင်းကိုသာ ပြောဆိုခဲ့ပါသည်။

ဦးဝင်းသည် ၁၇ ကြိမ်မြောက် အမှုကြားနားစစ်ဆေးသည့်နေ့တွင် တရားသူကြီးက မေးခွန်းမေးမြန်းသောအခါ အပြစ်ရှိကြောင်း ဝန်ခံလိုက်ပါသည်။ ဝန်ခံလိုက်ခြင်းဖြင့် အမှုရင်ဆိုင်ရသည့်ကာလမှာ အမြန်ပြီးဆုံးသွားခဲ့၍ ဦးဝင်း အမှု၏ အပြစ်ဒဏ်ကို (၉) လ ဖြင့်တရားသူကြီးက အမိန့်ချခဲ့ပြီး ချုပ်ရက်များကို နုတ်တွက်ပြီးနောက် နောက်ထပ် (၇)ရက် အကျဉ်းကျခံရပြီးနောက် အင်းစိန်ထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သည်။

**ထိုသို့ ဝန်ခံလိုက်ခြင်းကြောင့် ဦးဝင်းနှင့် ပထမဇနီးဖြစ်သူထံမှ မိဘလက်ထက်ကတည်းက ရရှိထားသော အမွေပစ္စည်းအားလုံးကို ဒုတိယဇနီးကသိမ်းယူလိုက်နိုင်သည်။**

ဦးဝင်းနှင့်ဒေါ်လှမင်းတို့ ပိုင်ဆိုင်ထားသော အိမ်နှင့်ခြံတို့မှာ မြစ်ဝကျွန်းပေါ်ဒေသတွင် ရှိသည်။ ပိုင်ဆိုင်မှုများမှာ ၎င်းတို့လင်မယား လက်ထပ်စဉ်က မိဘ၏အမွေဖြစ် ပေးခဲ့သော မင်္ဂလာလက်ဖွဲ့ ဖြစ်သည်။ စိုက်ပျိုးမြေမှာ ၂၀၁၂ ခုနှစ်တွင် ဦးဝင်း၏ အမည်ဖြင့် မြေယာမှတ်ပုံတင်ခဲ့သည်။ ယခုအချိန်တွင် ဒုတိယဇနီးမှ ပိုင်ဆိုင်ခွင့် ရရှိခဲ့သည်။ ရှေ့နေ၏အဆိုအရမူ တရားရုံးတွင် ဦးဝင်းသည် အပြစ်ရှိကြောင်း ဝန်ခံခဲ့၍ ပထမဇနီးမှာတရားမဝင်ဇနီး ဖြစ်သွားပြီး ပိုင်ဆိုင်မှုများကို ပြန်လည် လျှောက်ထားရန်မှာလည်း အခက်ခဲရှိနေခဲ့သည်။

ဦးဝင်းသည် ထောင်ထဲတွင် ခံစားရသည့် ဒုက္ခများကြောင့်လည်းကောင်း၊ တရားရုံးမှာ ရင်ဆိုင်ရသည့် ကာလရှည်လျားသောကြောင့် လည်းကောင်း၊ အမှန်တရားမဟုတ် သော်လည်း ကျူးလွန်ကြောင်း ဝန်ခံခဲ့သည်။ သို့သော် ဦးဝင်း သတိမပြုခဲ့မိသည်မှာ ထိုသို့ ဝန်ခံလိုက်ခြင်းအားဖြင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများပါ ဆုံးရှုံးသွားနိုင်သည်ကို ဖြစ်သည်။ ၎င်းတို့၏ ရှေ့နေကလည်း ထိုကိစ္စကို သတိပေးရန် မေ့လျော့ခဲ့ရခြင်း၊ သတိမထားမိခဲ့ခြင်းကြောင့် ဖြစ်သည်။

# သာဓက ၄

## ရန်ကုန်တိုင်းဒေသကြီး။

## မဆု

**တရားစွဲဆိုခံရသူအား ကျေးအေး ရုတ်သိမ်းခွင့် တင်ချင်သော်လည်း အခက်ခဲနှင့် ကြုံတွေ့ခဲ့ရသည်။**





အောက်ဖော်ပြပါ မှုခင်းလေ့လာမှုသည် တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ YJC တွင်မကြာခဏ ကြုံတွေ့ရသည့် အမှုပုံစံများထဲမှ အမှုတစ်ခု ဖြစ်ပါသည်။ တရားစွဲဆိုခံရသူအား ရုတ်သိမ်းခွင့် တင်ချင်သော်လည်း အခက်အခဲနှင့် ကြုံတွေ့ရသည့် အမှုပုံစံမျိုးဖြစ်သည်။

လင်မယားရိုက်နှက်မှုဖြင့် ကိုယ်ထိလက်ရောက်ကျူးလွန်ခံရသူ အမျိုးသမီးသည် ထိုကိစ္စများအတွက် မည်သည့်အခါမှရုံးတော်သို့ တရားဝင်တိုင်ကြားခြင်း မရှိခဲ့ပေ။ ယခုအခါ သူမ၏အမျိုးသားအား တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ(၁၃)ဖြင့် တရားစွဲဆိုခဲ့သောအမှုဖြစ်သည်။ **ထိုအမှုကြောင့် မိသားစုဝင်ချင်းစိတ်ဝမ်းကွဲရသည်။ သူမ၏သမီးများ ဖိအားပေးမှုကြောင့် အမှုရုတ်သိမ်းရန် ကြိုးစားခဲ့သော်လည်း အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။**

**မဆု (၃၈)နှစ် နှင့် ကိုကျော်သူ (၄၈)နှစ် တို့လင်မယားသည် လက်ထပ် ပေါင်းသင်းခဲ့သည်မှာ နှစ်(၂၀)ရှိပြီး ဧရာဝတီ မြစ်ဝကျွန်းပေါ်မှ ပြောင်းရွှေ့လာသူများဖြစ်ကြသည်။**



သူတို့လင်မယားတွင် အရွယ်ရောက်ပြီးသူ သမီး(၃)ယောက်ရှိပြီး သမီးအကြီးဆုံးသည် လွန်ခဲ့သည့်(၆)နှစ်ခန့်မှစ၍ ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံတစ်ခုသို့ပြောင်းရွှေ့အခြေချခဲ့ သည်။ သူတို့၏ သမီးသည် စက်ရုံတစ်ရုံပြီးတစ်ရုံ ပြောင်းရွှေ့လုပ်ကိုင်သည်နှင့် အမျှ ၎င်းတို့ မိသားစုလည်း စက်ရုံနှင့်နီးရာသို့ လိုက်လံပြောင်းရွှေ့နေထိုင်ကြပါသည်။ ကိုကျော်သူသည် ရွာမှာနေထိုင်နေစဉ်အချိန်၌ ငါးဖမ်းသဘော်ာ လိုက်ဖူးခဲ့သူဖြစ်၍ ယခုအခါ ပန်းရံလုပ်သား အဖြစ်လုပ်ကိုင်လျှက်ရှိသည်။ ဒုတိယသမီးမှာ မကြာခင်ကမှ အိမ်ထောင်ကျထားပြီး (၁၆) နှစ်အရွယ်သမီး အငယ်ဆုံးမှာ မုန့်စက်ရုံတွင် အလုပ် လုပ်လျှက်ရှိသည်။ သမီး(၃)ယောက်စလုံးမှာ (၄)တန်းအထိ ပညာသင်ကြားခဲ့ကြ သည်။ မဆုသည် သူမ၏ကျန်းမာရေးအခြေအနေကြောင့် အလုပ်လုပ်နိုင်ခြင်းမရှိဘဲ သူမတို့တစ်မိသားစုလုံးမှာ သမီးကြီး၏ဝင်ငွေပေါ်တွင် သာမှီခိုနေရသည်။ သူတို့ လင်မယားမှာမကြာခဏ ရန်ဖြစ်တတ်ပြီး မဆုမှာသူမ၏အမျိုးသားအား ဒီတစ်ခါလုပ်ရင် ရဲတိုင်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

**ကိုကျော်သူသည် ပုံမှန်ဝင်ငွေမရှိဘဲ မိသားစုကို မထောက်ပံ့နိုင်သည့်အပြင် ဖနီးသည်အား ရိုက်နှက်လေ့ရှိသည်။**

မဆုသည်စွာသူတစ်ဦးဖြစ်သည်။ ၎င်း၏ရိုက်နှက်ခံရမှုအတွက် ရဲတိုင်နိုင်သည်ကိုလည်း သိထားသူတစ်ဦးဖြစ်သည်။ သူမသည် သူမ၏ သမီးများအလုပ်လုပ်ရာတွင် လိုအပ်သော ရဲစခန်း ထောက်ခံစာများကို ရဲစခန်းတွင်သွားယူခဲ့ဖူးသည့် အတွေ့အကြုံရှိပြီး ရဲများနှင့်လည်း သိကျွမ်းသူတစ်ဦးဖြစ်သည်။ ထို့ကြောင့်လိုအပ်လျှင် အသုံးပြုရန် ရဲဝန်ထမ်းများ၏ ဖုန်းနံပါတ်ကိုသိမ်းထားခဲ့ပါသည်။ သူမတို့လင်မယား ရန်ဖြစ်နေစဉ် အချိန်မှာ သူမသည် ကိုကျော်သူအား ဒီတစ်ခါ ၎င်းကိုရိုက်လျှင်ရဲတိုင်မည်ဟု ပြောခဲ့ပါသည်။ ထိုကဲ့သို့ ပြန်လှန်ပြောဆိုခံရသည့်အတွက် ကိုကျော်သူသည် အိမ်ပေါ်မှ ဆင်းသွားခဲ့သည်။ သိပ်မကြာခင် သူမသိရသည်မှာ ကိုကျော်သူသည် နောက်အမျိုးသမီးတစ်ဦးနှင့် အတူပေါင်းသင်းနေထိုင်သည်ဟုသိရသည်။ မဆုသည် သူမ၏ အမျိုးသားအား တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေဖြင့်တရားစွဲဆိုခဲ့ပြီး ကိုကျော်သူမှာ အဖမ်းခံခဲ့ရသည်။

**မဆုသည် သူမ၏ အမျိုးသား နောက်အမျိုးသမီးတစ်ဦးနှင့်အတူ ပေါင်းသင်းနေသည်ကို သိရှိပြီး တချိန်တည်းမှာပင် ယခင် ကတည်းက သူမ သိရှိခဲ့သော ရဲဝန်ထမ်းများထံ ကြောင်းကြား၍ တိုင်ကြားခဲ့ခြင်းဖြစ်သည်။**



အမျိုးသမီးနှင့်တရားမျှတမှု ၊ သာဓက ၃

ရဲဝန်ထမ်းများနှင့်သူမသည် ကိုကျော်သူနှင့်ထိုအမျိုးသမီးရှိရာ အိမ်သို့သွားရောက်ခဲ့ပြီး ထိုအမျိုးသမီးနှင့် ကိုကျော်သူတို့အားရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ရဲစခန်းတွင် ကိုကျော်သူအား တစ်စုံတစ်ရာမေးမြန်းခြင်းမရှိဘဲ စွပ်စွဲခံရသူအမျိုးသမီးအား စစ်ဆေး မေးမြန်းမှုများပြုလုပ်ပြီးနောက် ထိုအမျိုးသမီးအားပြန်လွှတ်လိုက်သည်။ ရဲများက ကိုကျော်သူအား တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ(၁၃)အရ အမှုဖွင့်အရေးယူခဲ့ကြသည်။

ကိုကျော်သူကို အင်းစိန်ထောင်သို့ မပို့မီထိုရဲစခန်းရဲ့ အချုပ်ခန်းတွင်တစ်ညထိန်းသိမ်း ထားခံရခြင်းဖြစ်သည်။ အခြားသူများ နည်းတူအလုပ်ကြမ်းခိုင်းစေခြင်းကို ခံခဲ့ရသည်။ အကျဉ်းထောင်၌ ကျဉ်းကျဉ်းကြပ်ကြပ်နေရခြင်း ၊ အိပ်သောအခါတွင်လည်းတစ်ဖက် စောင်းအိပ်ရုံသာ နေရာရရှိခြင်း၊ ကြမ်းပိုးအလွန်ကိုက်ခြင်း စသည်တို့ကြောင့် ယားနာရောဂါများလည်း ရရှိခဲ့သည်။





**မဆု၏သမီးများသည် သူမတို့၏မိခင်အား ၎င်းအမှုကို ရုတ်သိမ်းပေးရန် တွန်းအားပေးခဲ့ပါသည်။**

သမီးများမှသူတို့၏ အဖေအဖမ်းခံရခြင်းသည်ကို သိသည်နှင့်တစ်ပြိုင်နက်တည်း သူတို့၏ အမေအားအမှုကို ရုတ်သိမ်းပေးရန် တွန်းအားပေးခဲ့ကြသည်။ ကလေးများကိုယ်၌ကလည်း သူမတို့၏ညီမအငယ်ဆုံး လူကုန်ကူးခံရသည့်ကိစ္စနှင့် ပတ်သက်၍ သိကျွမ်းခဲ့သည့် NGO မှာလုပ်နေသော သူတစ်ယောက်နှင့်လည်း ဆက်သွယ်ရခဲ့သည်။ ထိုသူမှ အမှုကိုရုတ်သိမ်းသင့်ကြောင်း တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေနှင့်ဆိုလျှင် ပြစ်ဒဏ်မှာ (၇)နှစ်အထိ ရှိကြောင်းပြောဆိုရှင်းပြခဲ့ပါသည်။ ဥပဒေအကြံပေးအခမဲ့ဝန်ဆောင်ပေးသည့် အဖွဲ့အစည်းနှင့်လည်း ချိတ်ဆက်ပေးခဲ့သည်။ ထိုအဖွဲ့မှသူမတို့၏ အဖေအတွက် ရှေ့နေတစ်ယောက် အကူအညီပေးခဲ့သည်။ နောက်ဆုံးတော့ မဆုသည်အမှုကို ရုတ်သိမ်းရန် သဘောတူခဲ့ပါသည်။ သို့သော် ဥပဒေမှာ ရုတ်သိမ်းခွင့်မရှိသည့် အမှုဖြစ်၍ အလွယ်တကူ ရုတ်သိမ်းနိုင်ခြင်းမရှိပေ။ အမှုကို ရုတ်သိမ်းပေးရန်အတွက် တရားသူကြီးထံသို့ တရားဝင်စာတင်ခဲ့ရသည်။ ၎င်းအပြင် ရဲစခန်းသို့လည်း စာတင်ခဲ့ရသည်။ ထိုအတွက် ရဲမှလည်း ငွေ(၃)သိန်းကျပ် တောင်းခဲ့သည်။ မဆုက ရဲစခန်းကိုငွေ(၅)သောင်းကျပ် အရင်ပေးခဲ့ပြီး သူမငွေရသည်နှင့် ချက်ချင်းပေးမည်ဟု ရဲနှင့်ညှိနှိုင်းခဲ့ကြသည်။

**(၂) လခန့် ချုပ်နှောင်ခံရပြီးနောက် ကိုကျော်သူသည် မဆု၏လျှောက်ထားတောင်းဆိုမှုကြောင့် အာမခံဖြင့် လွတ်မြောက်လာခဲ့ပါသည်။**



အမျိုးသမီးနှင့်တရားမျှတမှု ၊ သာဓက ၃

စွပ်စွဲခံရသူ ကိုကျော်သူ လွတ်မြောက်လာရခြင်းအကြောင်းရင်းကတော့ သူ့သမီးများ၏ တောင်းဆိုမှုနှင့် မဆု၏စာနာစိတ်များကြောင့် ကိုကျော်သူရှေ့နေမှ ကိုကျော်သူအတွက် အာမခံလျှောက်ပေးခဲ့ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ အာမခံရရှိမှုသည် ချွင်းချက် ဖြစ်ပြီး တရားလိုကိုယ်တိုင် လျှောက်ပေးရန် တောင်းခံမှုတို့ကြောင့်ဖြစ်သည်။ စွပ်စွဲခံရသူမှာ ထောင်ထဲမှာ (၂) လဖြင့် အချုပ်ကျခံခဲ့ရသည်။

အမှုမှာ လုံလောက်သည့် သက်သေမပြနိုင်သည့်အတွက် (၆) လအကြာတွင် ပြီးစီးခဲ့ပါသည်။ ရုပ်သိမ်းခွင့် လျှောက်ထားသည့် လုပ်ငန်းစဉ်မှာ အချိန်ကြန့်ကြာမှု၊ ရှုပ်ထွေးမှုများကြောင့် ရှေ့နေကိုယ်၌က မဆုကို တရားရုံးသို့ လိုအပ်သည့်သက်သေ



ခေါ်ယူစစ်ဆေးမှုများကို ဆိုင်းငံ့ပြီး ရုပ်သိမ်းခွင့်စောင့်ဆိုင်းရန် အကြံပေးခဲ့သည်။ ပထမတွင် သက်သေ (၅) ဦး တင်ပြခဲ့သော်လည်း (၁) ဦးသာ စစ်ဆေးခံခဲ့သည်။ လုံလောက်သည့်သက်သေမရှိ၍ တရားသူကြီးမှ (၆) လအကြာတွင် အမှုပိတ်ပေးခဲ့ခြင်း ဖြစ်သည်။

ကိုကျော်သူနှင့် မဆုတို့လင်မယားမှာ ယခုအခါ ပြန်လည်ပေါင်းသင်း နေထိုင်ပြီးဖြစ်သော်လည်း ထိုကိစ္စကြောင့် ရန်ဖြစ်နေရဆဲ ဖြစ်သည်။ ကိုကျော်သူမှာ အမှုကြောင့် ထောင်ထဲတွင် (၂) လခန့် နေခဲ့ရခြင်းကြောင့် ငွေကြေးအကုန်အကျများကြောင့်လည်းကောင်း သူ၏ ဇနီးသည်အပေါ် စိတ်ပျက်လျှက်ရှိသည်။ ထို့အတူ သမီးများမှာလည်းသူမတို့၏အမေအပေါ်ထိုကိစ္စနှင့်ပတ်သက်၍ ကြည်လင်မှု မရှိကြတော့ပေ။

အမျိုးသမီးနှင့်တရားမျှတမှု ၊ သာဓက ၃

# တွေ့ရှိချက်များ၏ အနှစ်ချုပ်



အမျိုးသမီးနှင့်တရားမျှတမှု ၊ တွေ့ရှိချက်များ၏ အနှစ်ချုပ်

## ဤတစ်လင်တစ်ယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေတွင် နာမည်ကျော်ကြားမှုနှင့်မြန်ဆန်သောဖမ်းဆီးမှုများကြောင့် ပြည်သူလူထုတို့ကြား အချိန်နှင့်တပြေးညီရေပန်းစားလာခဲ့၊ ခေတ်စားလာခဲ့ခြင်း ဖြစ်သည်။

ဤဥပဒေအသက်ဝင်ပြီးနောက် တိုင်ကြားမှုများ၊ တရားစွဲဆိုမှုများ ရဲများလုပ်ပိုင်ခွင့်နှင့် တရားစွဲဆိုရန်အတွက် စွဲချက်တင်နိုင်သည့် အနေအထားများ ပြောင်းလဲသွားခဲ့ခြင်းတို့ကြောင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေသည် ပြည်သူလူထုအကြား မြန်ဆန်စွာ လူသိများခဲ့ကြသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေဖြင့်တရားစွဲဆိုထားသည့် အမှုပေါင်း မည်မျှရှိသည်ကိုမူ တယနေ့အချိန်အထိ စာရင်းအတိအကျမရှိသေးပါ။ ရန်ကုန်တရားမျှတမှုစင်တာ YJC မှ အခမဲ့ရှေ့နေလိုက်ပေးခဲ့သော အမှုစာရင်းများအရဆိုလျှင် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကို အသုံးပြု၍တရားစွဲဆိုမှုအခြေအနေ များပြားနေခြင်းကို မြို့ပြလူနေရပ်ကွက်ထဲမှာ လေ့လာတွေ့ရှိခဲ့သည်။ ရန်ကုန်တရားမျှတမှုစင်တာ YJC မှပြုစုထားသောစာရင်းများအရဆိုလျှင် အမှုအများစုမှာ လှိုင်သာယာမြို့နယ်အတွင်း၌ များနေသည်ကိုတွေ့ရှိရသည်။

## တရားလိုဖက်မှ အမှုရုပ်သိမ်းလိုသည့်ဆန္ဒရှိသော်လည်း အခက်အခဲများရှိနေ၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရှေ့နေများသည်လည်း ၎င်းအမှုသည်များအတွက် ခိုင်လုံသောအထောက်အထားများ၊ လုံလောက်သောသက်သေများအားနည်းခြင်း အာမခံလျှောက်ထားရန်အတွက်လည်း ကြိုးပမ်းအားထုတ်မှုများ နည်းပါးနေခြင်းလည်း လေ့လာတွေ့ရှိရသည်။

အမှုကို သက်ဆိုင်ရာ ရဲစခန်းတွင် တိုင်ကြားလိုက်သည်နှင့် တစ်ချိန်တည်းမှာပင် စွပ်စွဲခံရသူသည် ချက်ချင်းဖမ်းဆီးခံရပြီးနောက် တိုင်ကြားသူဖက်၏ တရားလိုအား ထိုအမှုကို တရားဝင်တိုင်ကြားလိုက်ခြင်းကြောင့် နောက်ဆက်တွဲအကျိုးသက်ရောက် မှုများကို သေချာစွာချင့်ချိန်စဉ်းစားမှုမရှိခြင်းကိုလည်း တွေ့ရှိရသည်။တရားလိုဖက်မှာ တိုင်ကြားအမှုဖွင့်ပြီး ၎င်းတို့၏လင်ယောကျ်ားကို ထောင်ကျနိုင်သည်ကိုသိရှိပြီးနောက် အမှုကို ပြန်လည်ရုပ်သိမ်းရန် ကြိုးစားကြသည်ကိုတွေ့ရသည်။ ဆင်းရဲနွမ်းပါးသော မိသာစုများကြောင့် ၎င်းတို့၏ယောကျ်ားများကို အချုပ်ခန်းထဲမှာ ထိန်းသိမ်းခံရခြင်း ကြောင့် ၎င်းတို့၏ ထမင်းအိုးကိုတုတ်ဖြင့် ရိုက်ခွဲလိုက်သလိုဖြစ်ပါသည်။ နောက်ထပ် အကျိုးသက်ရောက်မှုများသည် လင်မယားအချင်းချင်း မပြေလည်မှုများ၊ မိသားစုဝင် များအကြား စိတ်ဝမ်းကွဲမှုများ ဖြစ်လာသည်ကိုလည်း အကျိုးသက်ရောက်မှု ရှိနေ သည်ကို တွေ့ရသည်။ (မှုခင်းလေ့လာခြင်း နံပါတ် ၃)။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေသည် အာမခံမရနိုင်ခြင်း၊ ကျေအေး၊ အမှုရုပ်သိမ်းခြင်း မရနိုင်ခြင်း၊ ရဲအရေးပိုင်သည့်အမှုဖြစ်ခြင်း၊ အမှုရုပ်သိမ်းရန် ခက်ခဲရှုပ်ထွေးသည့် လုပ်ငန်းစဉ်များ၊ လာဘ်ငွေများပေးရခြင်း ၎င်းအခက် အခဲတွေကြောင့် ရှေ့နေများ အနေဖြင့်အာမခံရရှိရန် ကြိုးစားအားထုတ်မှုများလည်း အလွန်နည်းပါးနေသည်ကို တွေ့ရှိရသည်။ ဒီလိုအခြေအနေများကြောင့် နောက်ဆက်တွဲအထောက်အထားများ၊ သက်သက်များတင်ပြဖို့ရပ်တန့်ပေးရန်သက်ဆိုင်ရာအမှုသည်များကိုရှေ့နေများဖက်က အကြံပြုကြသည်ကို လေ့လာတွေ့ရှိရသည်။

## လုပ်ထုံးလုပ်နည်းဆိုင်ရာအားနည်းမှုများကြောင့် ဤတစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေသည် အနိုင်ကျင့်သည့် ဥပဒေကဲ့သို့ ဦးတည်သွားခြင်း ဖြစ်သည်။

ထို့အပြင် ခိုင်လုံသောသက်သေအထောက်အထားများအားနည်းခြင်း၊ ကောလဟာလ သတင်းများ အပေါ်အခြေခံ၍ ဖမ်းဆီးအရေးယူခြင်းနှင့် တရားစွဲဆိုခြင်းတို့ကြောင့် တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ၏ လုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့စိန်ခေါ်မှုများ ရှိနေခြင်းကို လေ့လာတွေ့ရှိရသည်။ ထိုအခြေအနေများ ကြောင့် ၎င်းဥပဒေအပေါ် အလွယ်တကူအသုံးချနေ၍ အထူးသဖြင့် လင်မယား



ကွာရှင်းခန်းတွင် နှစ်ပိုင်ဆိုင်သည့်ပစ္စည်းများကို အမှုနိုင်သည့်သူဖက်က ရရှိသွားခြင်း မျိုးဖြစ်ပါသည်။ ယင်းဥပဒေနှင့်အညီ ဖမ်းဆီးရာတွင်လည်း ရဲအရေးပိုင်သည့်အမှု ဖြစ်နေ၍ ဝရမ်းမပါဘဲဖ မ်းဆီးခွင့်ရှိခြင်း တခါတရံဒီလို အမှုမျိုးကို တတိယလူ တစ်ယောက်ကနေ တိုင်ကြားသည်နှင့်ပင် အမှုဖွင့်အရေးယူခြင်းမျိုး လည်းရှိနေ၍ ဥပဒေပြဋ္ဌာန်းချက်အရ ဝရမ်းမပါဘဲဖမ်းဆီးနိုင်ခြင်း၊ သက်သေ အထောက်အထား ခိုင်လုံမှုမရှိဘဲဖမ်းဆီးနိုင်ခြင်းတို့သည် တတိယလူအတွက် ဥပဒေကိုမမှန်မကန်သော နည်းလမ်းဖြင့် အသုံးချနေခြင်းလည်း တွေ့ရှိရသည်။

## တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်း ဆိုင်ရာဥပဒေဖြင့် ဖမ်းဆီးခံရသူ၏ မိသားစုဝင်များအတွက် နောက်ဆက် ပြဿနာများ ဖြစ်ပေါ်နေခြင်း။

ဤမှုခင်းလေ့လာခြင်းမှတွေ့ရှိရသော ဥပမာများ၊ သာဓကများ၊ အခြေအနေများ အရဆိုလျှင် ဖမ်းဆီးခံရသူများအတွက် နောက်ဆက်ပြဿနာများကို ကြုံတွေ့ခဲ့ရ ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ကလေးငယ်များအတွက် ၎င်းတို့၏ မိဘနှင့်ခွဲခွာ နေရခြင်း၊ ရက်ကြာစွာတွေ့ခွင့်မရခြင်း၊ မိသားစုအေးချမ်းမှုနှင့် တစ်ဦးနှင့်တစ်ဦး သံသယစိတ်များဖြစ်ပေါ်ခြင်း စသဖြင့်တွေ့ရှိရသည်။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေသည် အပြစ်ရှိသူကို အပြစ်ပေးခြင်းထက်ကလဲ့စားချေရန် ရည်ရွယ်ချက်ဖြင့် ဤဥပဒေကိုအားကိုးအသုံးပြုနေခြင်းလည်းလေ့လာတွေ့ရှိရသည်။ တရားခွင်ကြားနာမှုကြန့်ကြခြင်း၊ မိသားစုအကြား စိတ်ဝမ်းကွဲမှုများဖြစ်ခြင်း၊ အာမခံ လျှောက်ခွင့်အခက်အခဲရှိခြင်း၊ ကျေအေးခွင့်မရခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်း ဆိုင်ရာကျန်းမာရေးခံစားရခြင်း စသဖြင့် နောက်ဆက်တွဲအကျိုးသက်ရောက်မှုများ ကြုံတွေ့နေခြင်းကို လေ့လာတွေ့ရှိရသည်။

## အမှုနှင့် ပြစ်ဒဏ်တို့လည်း ညီထွေမှု အားနည်းခြင်း။

ဤမှုခင်းလေ့လာတွေ့ရှိချက်များအပေါ်အခြေခံ၍ ပြစ်မှုများနှင့် ပတ်သက်သောအခြေ

အနေများ ရဲအရေးပိုင်သောအမှုဖြစ်ခြင်း၊ အာမခံလျှောက်ထားခွင့် မရှိခြင်း၊ အမှုရုပ်သိမ်းခွင့်မရှိခြင်း၊ ကျေအေးခွင့်မရှိခြင်းနှင့် ဤဥပဒေပြဋ္ဌာန်းချက် ပုဒ်မ ၁၃ နှင့် ပုဒ်မ ၁၇ တို့အရ ပြစ်ဒဏ်ကို ထောင်ဒဏ် (၇) နှစ်ထိ ကျခံစေနိုင်ခြင်းဖြစ်သည်။ အရွယ်ရောက်ပြီး တစ်ဦးနှင့်တစ်ဦးချစ်ကြိုက် လင်မယား အဖြစ် လက်ထပ်ကြပြီး ဖြစ်လာသည့်ပြဿနာ လူမှုရေးဆိုင်ရာကိစ္စဖြစ်နေအတွက်ကြောင့် တချို့မှာ တရားမမှုဆိုင်ရာကုစားမှုများ(ဥပမာအားဖြင့်ထောက်ပံ့ကြေးနှင့်လျော်ကြေး)ပိုမိုသင့်လျော်မည်ဖြစ်သည်။ ထိုသို့ တရားမမှုများတွင် ကျင့်သုံးသည့် နစ်နာကြေးနှင့် ထောက်ပံ့ကြေးပေးလျော်ရန်ဆိုသည့် လူမှုရေးအပြစ်များ ချမှတ်လျှင် နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်း ရင်ဆိုင်ကြုံတွေ့ရမည် မဟုတ်ပေ။

## တစ်လင်တစ်မယားစနစ် ကျင့်သုံးဆိုင်ရာဥပဒေတွင် ပါရှိသော အချို့စကားလုံးများသည် မတိကျသော အဓိပ္ပါယ်ဖွင့်ဆိုချက်များကို လိုသလို အဓိပ္ပာယ်ကောက်ယူနိုင်ခြင်း လမ်းဖွင့်ပေးထားသလို ဖြစ်သည်။

မည်သည့်ပြစ်မှုမျိုး၊ ကျူးလွန်မှုမျိုးဖြင့် ဤတစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ၏ ပြဋ္ဌာန်းချက်များနဲ့ငြိစွန်းနိုင်မည်နည်း။ အိမ်ထောင်ဆက်များပြားခြင်း၊ ချစ်သူ အတူနေထိုင်ခြင်း၊ လိင်ဆက်ဆံခြင်း၊ လူအများရှေ့တွင်သော်လည်းကောင်း၊ နောက်ကွယ်တွင်သော်လည်းကောင်း နှစ်ဦးအတူနေထိုင်ခြင်း စသည်တို့ကို ခေါ်ဆိုနိုင်ပါသလား...။ ဤတစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းချက်တွင်ပါရှိသော **'တရားမဝင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်း'** ဆိုသည့် အဓိပ္ပာယ်အား **'တရားမဝင် အတူနေထိုင်ခြင်း'** ကို သတ်မှတ်မည်လော။ သို့သော် ကိုးကားချက်အရ **'နောက်ထပ် အိမ်ထောင်ရှိခြင်းနှင့် တရားမဝင်အတူနေထိုင်ခြင်း'** စသည် တို့မှာ အဓိပ္ပာယ်ကောက်ယူရန် အလွန်ကျယ်ပြန့်လွန်းလှပါသည်။ထို့ကြောင့် ထိုအသုံးအနှုန်းဝေါဟာရနှင့် အဓိပ္ပာယ်ပြန်ဆိုနိုင်မှုများကြောင့် ပထမဆုံးသာဓကတွင် လေ့လာတွေ့ရှိချက်များအရ 'ကလေးအမေ အမျိုးသမီးငယ်တစ်ဦး ထိုပုဒ်မဖြင့် ဖမ်းဆီးခံရခြင်း' ဖြစ်သည်ဟု လေ့လာတွေ့ရသည်။ထိုအမျိုးသမီးငယ်အား ဖမ်းဆီးရာ





တွင် စွပ်စွဲချက်များလူအများရှိသောနေရာတွင်အမျိုးသားတစ်ဦးနှင့် စကားပြောဆိုနေခြင်းကြောင့် ဖမ်းဆီးခံရခြင်းဖြစ်သည်။

## ဤတစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေသစ်သည်လက်ရှိတည်ဆဲဥပဒေရာဇသတ်ကြီးနှင့် ဆန့်ကျင်နေခြင်း။

ရာဇသတ်ကြီးပုဒ်မ၄၉၄[၁၄] (မယားပြိုင်ထားခြင်း) ၄၉၅[၁၅](တရားဝင်အိမ်ထောင်ရှိလျက်နောက်တစ်ယောက်နှင့်ပေါင်းသင်းနေထိုင်ခြင်း)၄၉၇[၁၆] (မယားခိုးမှု)ဤပုဒ်မများသည် လက်ရှိတစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေသစ်နှင့်ဆင်တူ သောပုဒ်မများ ဖြစ်ပေသည်။ အဓိကကွဲလွဲချက်မှာကတော့ ရာဇသတ်ကြီး ပုဒ်မ ၄၉၇ သည် အမျိုးသား များကို ၎င်းတို့၏ ဖောက်ပြန်မှု (ဒုတိယအိမ်ထောင်ရှိခြင်းနှင့် လိင်ဆက်ဆံခြင်း)များအတွက် အပြစ်ပေးနိုင်သည်ဟု ရှင်းလင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ၎င်းအပြင် ဤပုဒ်မတွင် အာမခံလျှောက်ထားနိုင်ခြင်း၊ ရဲအရေးမပိုင်ခြင်း၊ ကျေးအေးနိုင်ခြင်း၊ အမှုရုပ်သိမ်းခွင့်ရှိခြင်းတို့ ဖြစ်ပါသည်။ ဤရာဇသတ်ကြီးပုဒ်မများသည် ယနေ့အချိန်ထိ အသက်ဝင်နေဆဲဖြစ်သော်ငြားလည်း ဤပုဒ်မများဖြင့်တရားစွဲဆိုခြင်းသည် အလွန်နည်းပါးနေသည်ကို လေ့လာတွေ့ရှိရသည်။ ဤပုဒ်မများဖြင့်ဖမ်းဆီးအရေးယူရာတွင်လည်း သက်သေ လုံလုံလောက်လောက် လိုအပ်ခြင်း၊ဖမ်းဝရမ်းလိုအပ်ခြင်း စသည့်လုပ်ထုံးလုပ်နည်းများသည် အချိန်ကြာမြင့်ပြီးဖြစ်၍ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေဖြင့် တရားစွဲဆိုရမည်ဆိုလျှင်ထိုဥပဒေသစ်၏လုပ်ထုံးလုပ်နည်းများတွင် အလွန် လွယ်ကူမြန်ဆန်ပါသည်။

[၁၄] **လင်သို့တည်းမဟုတ် မယား ရှိနေစဉ်ကာလအတွင်း ထပ်မံထိမ်းမြားခြင်း။** ။ မည်သူမဆို၊ အသက်ရှင်သောလင်ဖြစ်စေ၊ မယားဖြစ်စေ ရှိသည် ဖြစ်၍ နောက်ထပ် ထိမ်းမြားရာတွင်၊ ထိုလင်ဖြစ်စေ၊ ထိုမယားဖြစ်စေ အသက်ရှင်လျက် ရှိခြင်းကြောင့် ထိမ်းမြားခြင်း အတည်မဖြစ်သောကိစ္စမျိုး၌ နောက်ထပ်ထိမ်းမြား လျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။
[၁၅] **နောက်ထပ် ထိမ်းမြားမည့်သူအား အထက်က ထိမ်းမြားခြင်းအကြောင်းကို ထိမ်ချန်သည့်အတွက် ထပ်တူပြစ်ဒဏ်။** ။ မည်သူမဆို၊ နောက်ထပ် ထိမ်းမြား မည့်သူအား၊ အထက်က ထိမ်းမြားခြင်းအကြောင်းကို ထိမ်ချန်၍၊ တဆက်တည်းဖြစ်သော အထက်ပုဒ်မ၌ ဖော်ပြထားသည့် ပြစ်မှုကို ကျူးလွန်လျှင်၊ ထိုသူကို ဆယ်နှစ်ထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။
[၁၆] **မယားခိုးမှု။** ။ မည်သူမဆို၊ လင်ရှိမယားလည်းဖြစ်၍ လင်ရှိမယားဖြစ်ကြောင်း မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ထိုသို့ ဖြစ်ကြောင်း မိမိယုံကြည် ရန် အကြောင်းရှိသည်လည်းဖြစ်သော မိန်းမကို လင်ဖြစ်သူ သဘောမတူဘဲသော်၎င်း၊ အလိုတူရာရောက်ခြင်းမရှိဘဲသော်၎င်း ကာမစပ်ယှက်ခြင်းပြုရာ၌ မုဒိမ်း မှု မမြောက်လျှင်၊ မယားခိုးမှုကို ကျူးလွန်ခြင်းဖြစ်၍၊ ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထိုအမှုမျိုးတွင် မယားဖြစ်သူကို အားပေးကူညီသူအဖြစ်ဖြင့် ပြစ်ဒဏ်မထိုက်စေရ။

# မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အခြားသောဓလေ့ထုံးတမ်း ဥပဒေများနှင့်ဆန့်ကျင်လျှက်ရှိခြင်း။

ဥပမာအားဖြင့် ဓလေ့ထုံးတမ်း ဥပဒေအတော်များများအရဆိုလျှင် အိမ်ထောင်ပြုလျှင်သော်လည်းကောင်း၊ ကွာရှင်းပြတ်စဲလျှင်သော်လည်းကောင်း တရားဝင်စာချုပ်စာတမ်း မလိုအပ်ပေ။ သို့သော်လေ့လာတွေ့ရှိချက်များအရ လက်ရှိပြဋ္ဌာန်းထားသည့် တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေတွင်မူ တရားစွဲဆိုခံရသူသည် တရားဝင်ကွာရှင်းစာချုပ် မရှိသောကြောင့်အခက်အခဲကြုံတွေ့တာကိုလေ့လာရသည်။

# အကြံပြုချက်များ

## ဥပဒေရေးဆွဲပြဋ္ဌာန်းသူများအတွက် အကြံပြုချက်များ[၃၇]

[၃၇] ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံရှေ့နေချုပ်ရုံး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် (သူရဦးရွှေမန်းကော်မရှင်)၊ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန။





**တွေ့ရှိခဲ့သောအထောက်အထားများ၊သာဓကများ၊ဥပဒေများအရဆိုလျှင် ၎င်းတို့၏ကြီးမားသော နောက်ဆက်တွဲအကျိုးဆက်တွေ၊ ဆုံးရှုံးမှုတွေ ထည့်သွင်းစဉ်းစားပြီး ဥပဒေရေးဆွဲပြဋ္ဌာန်းသူများ အနေဖြင့်လည်း တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကိုပြန်လည်စိစစ်သုံးသပ်ရန်လိုအပ်၍ တရားမမှုအဖြစ်သာပြောင်းလဲသတ်မှတ်ပြဋ္ဌာန်းသင့်ကြောင်း။**

ထိုမှသာလျှင် တရားမမှုအဖြစ် ပြောင်းလဲသွားလျှင် နစ်နာသူများအတွက် နစ်နာကြေး၊ လျော်ကြေးများရရှိခွင့်ကို ညှိနှိုင်းပေးနိုင်ခြင်းနှင့် ပြစ် ဒဏ်လည်း ချမှတ်ပေးနိုင်ခြင်းများ ပြုလုပ်နိုင်ကြောင်း အကြံပြုအပ်ပါသည်။

**တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေတွင် ပါရှိသော ဝေါဟာရစကားလုံး အဓိပ္ပါယ်များကိုလည်း ဥပဒေရေးဆွဲ ပြဋ္ဌာန်းသူများအနေဖြင့် ယခုထက်တိကျ ရှင်းလင်းသော အဓိပ္ပာယ်ဖော်ပြချက်များ သက်မှတ် ရေးဆွဲရန် လိုအပ်ကြောင်း။**

တည်ဆဲရာဇသတ်ကြီး ပုဒ်မ ၄၉၄ မှ ပုဒ်မ ၄၉၇ ထိ ပြဋ္ဌာန်းထားသောချက်များကို အတုယူယူ၍ရေးဆွဲရန် အကြံပြုလိုပါကြောင်း၊ ဥပမာအားဖြင့် "ထိမ်းမြားခြင်း သို့မဟုတ် လိင်ဆက်ဆံခြင်း" ကိုတရားဝင်ကန့်သတ်ထားသော်လည်း စကားလုံးအရအားဖြင့်တိကျစွာအဓိပ္ပါယ်ဖွင့်ဆိုရန်လိုအပ်ကြောင်း၊ မှုခင်းလေ့လာခြင်း နံပါတ်(၁)တွင် တွေ့ရသည့်အတိုင်းလူအများရှေ့တွင် အတူရှိနေရုံမျှနှင့် ဖမ်းဆီးခံရပြီး

တရားစွဲဆိုခံရခြင်းသည်မှာ လုံလောက်သောအကြောင်းပြချက် မဟုတ်ကြောင်း အကြံပြုအပ်ပါသည်။

## ဥပဒေရေးဆွဲပြဋ္ဌာန်းသူများ အနေဖြင့်လည်း ဥပဒေ နောက်ကြောင်းပြန်အကျိုးသက်ရောက်မှု တရားစွဲဆိုနိုင် ခြင်းမျိုးကိုသေချာ ရှင်းလင်းစွာသိရှိရန်လိုအပ်ကြောင်း။

ဤတစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ၏ပုဒ်မ ၁၉ ဖော်ပြချက်အရဆိုလျှင် "ဤဥပဒေအာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်အတည်ဖြစ်သည့်ထိမ်းမြားခြင်းကို ဤဥပဒေက မထိခိုက်စေရ" ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထိုပါရှိချက်အရဆိုလျှင် မှုခင်းလေ့လာခြင်း နံပါတ် (၂)၏ မှုခင်းဖြစ်စဉ်ကဲ့သို့ ၂၀၁၅ ခုနှစ် မတိုင်ခင် အိမ်ထောင်နှစ်ဆက်လက်ထပ်ထိမ်းမြားခဲ့ခြင်းအပေါ် သက်ရောက်မှုရှိ/မရှိကို ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိကြောင်းကို လေ့လာတွေ့ရှိ၍ အကြံပြုအပ်ပါသည်။

## ဥပဒေကို တလွဲအသုံးချခြင်း မဖြစ်စေရန်နှင့် မယားပြိုင် (သို့မဟုတ်) လင်ငယောကျ်ားများကို ကာကွယ်ပေးနိုင်ရန် တစ်လင် တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေသည် ပစ္စည်းခွဲဝေပိုင်ဆိုင်ခြင်းများအပေါ် မသက်ရောက်စေသင့် ကြောင်း။





ထို့ကြောင့် မှုခင်းလေ့လာမှုနံပါတ် (၂) တွေ့ရှိချက်များအရ ဤတစ်လင်တစ်မယား စနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၅[၁၈]ကို စိစစ် သုံးသပ်၍ ပယ်ဖျက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

## ဥပဒေရေးဆွဲပြဋ္ဌာန်းသူများ အနေဖြင့်တစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကို ဓလေ့ထုံးတမ်းဥပဒေ နှင့်ယှဉ်ကြည့်၍ ပိုမိုရှင်းလင်းစွာပြင်ဆင်ရေးဆွဲသင့်ကြောင်း။

(၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော အပိုဒ် ၃၅၄(ဃ)အရ လွတ်လပ်စွာကိုးကွယ်ခွင့် နှင့် မိသားစုအရေးကိစ္စများတွင် ဓလေ့ထုံးတမ်းအရ လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် ပြဋ္ဌာန်းထားသည်။)

[၁၈] ပုဒ်မ ၁၄ အရ လင်မယားကွာရှင်းရာတွင် အိမ်ထောင်ရေးပြစ်မှုကျူးလွန်သူသည် နှစ်ဦးပိုင်ပစ္စည်းနှင့်စပ်လျဉ်း၍ ၎င်း၏ အခွင့်အရေးများ ဆုံးရှုံးခြင်း ခံရမည်။

# အကြံပြုချက်များ

ဥပဒေရေးဆွဲပြဋ္ဌာန်းသူများကလည်း တာဝန်ရှိရဲထမ်းများနှင့် သက်ဆိုင်ရာဥပဒေအရာရှိများအတွက် ကြံပြုချက်များ -





## အိမ်ထောင်ရေး ဖောက်ပြန်မှုမှာ လူမှုရေးပြစ်မှု ကျူးလွန်ခြင်းတစ်မျိုးဖြစ်၍ တရားမမှုအဖြစ်သာသက်မှတ်ပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။ ပြင်ဆင်မှုပြုလုပ်ရန်မဖြစ်နိုင်သော်လည်း တည်ဆဲဥပဒေ ရာဇသတ်ကြီးတွင် ဖော်ပြချက်ပါရှိသော လုပ်ထုံးလုပ်နည်းများအပေါ် ဥပဒေထား၍ပြန်လည် စိစစ်သုံးသပ်ပြီး ပြင်ဆင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

- ထိုကိစ္စသည် အာမခံပေးနိုင်သည့်အမှု ဖြစ်သင့်ကြောင်း၊ အဓိကအကြောင်းရင်းကတော့ "ပြင်းထန်သည့်ရာဇဝတ်မှု" ဟု သတ်မှတ် ထားသည့်အတွက် နောက်ဆက်တွဲပြဿနာများ မိသားစုပြဿနာများ ဖြစ်ပေါ်နေခြင်း တွေ့ရှိ၍ အကြံပြုရန် လိုအပ်ကြောင်း။
- တရားလိုပြုလုပ်သူသည် မိမိဆန္ဒရှိသောအချိန်တွင် ထိုအမှုကို ကျေးအေးခွင့် အခွင့်အရေးပေးထားသင့်ကြောင်း အကြံပြုအပ်ပါသည်။
- အမှုသည် ရဲအရေးမပိုင်သည့်အမှုမျိုးဖြစ်သင့်ပါကြောင်း ထိုမှသာလျှင်သက်သေမခိုင်လုံဘဲ ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ စွဲချက်တင်ခြင်းမျိုးနှင့် ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းတို့မှ အကာအကွယ်ပေးနိုင်မည် ဖြစ်ကြောင်း အကြံပြုအပ်ပါသည်။
- ကာယကံရှင်နှစ်ဦးနှစ်ဖက်မဟုတ်သောတတိယလူပုဂ္ဂိုလ်တစ်ဦးဦးမှတိုင်ကြားခြင်း၊ အမှုဖွင့်ခြင်းမျိုးကိုလည်း မထားအပ်သင့်ကြောင်း အကြံပြုအပ်ပါသည်။
- တာဝန်ရှိရဲများအနေဖြင့်လည်းလုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များကိုလက်တွေ့ကျကျ မှန်မှန်ကန်ကန်လိုက်နား၍ဖမ်းဆီးရာတွင်လည်း ခိုင်လုံသောသက်သေအထောက်အထားများရှိမရှိကိုသေချာစွာစစ်ဆေးပေးရန်လိုအပ်ကြောင်းအကြံပြုအပ်ပါသည်။
- တာဝန်ရှိဥပဒေအရာရှိအဆင့်ဆင့်များနှင့် တာဝန်ရှိသက်ဆိုင်ရာတရားသူကြီးများလည်း တာဝန်ရှိရဲများကအမှုများကို သက်သေခိုင်ခိုင်လုံလုံမရှိဘဲ အမှုတင်သွင်းလာပါက သေချာစွာ စိစစ်သုံးသပ်ပေးရန်လိုအပ်ကြောင်း အကြံပြုအပ်ပါသည်။

# အကြံပြုချက်များ

## ရှေ့နေများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ဥပဒေဆိုင်ရာ အကြံပြုချက်များနှင့်ပတ်သက်သည့် အကြံပြုချက်များ -





- ရှေ့နေများအနေဖြင့်ထည့်သွင်းစဉ်းစားသင့်သည့်အချက်မှာ ဤတစ်လင်တစ်မယား စနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကို ထိခိုက်မှု အနည်းဆုံးဖြစ်ရန် မည်ကဲ့သို့ လက်တွေ့ကျကျအသုံးချမည်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ ထိုမှသာလျှင် လေ့လာတွေ့ရှိခဲ့သော မှုခင်းလေ့လာချက်များအရ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများကိုလည်း လျှော့နည်းနိုင်ရန်ချင့်ချိန်စဉ်းစားသင့်ကြောင်း၊ ရှေ့နေနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ဥပဒေဆိုင်ရာနှင့် ပတ်သက် သည့် အကြံဉာဏ်များ ပေးရာတွင် ၎င်းတို့ ထားရှိရမည့် ကျင့်ဝတ်များ၊ ကိုယ်ကျင့်တရားများအတိုင်း အမှုသည်များမှ ဆုံးဖြတ်ထားသည့် သူတို့ရဲ့ဆုံးဖြတ်ချက်များ အပေါ်ဖြစ်နိုင်ချေရှိသည့်အတိုင်းအတာ၊ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ၊ လူမှုရေးပြဿနာများအားလုံးကို ကြိုတင်ပြောပြ ထားရန်လိုအပ်ကြောင်း၊ မှုခင်းလေ့လာတွေ့ရှိချက်များမှ ရရှိခဲ့သောသာဓကများ တွင် ရှေ့နေများသည် လုံလောက်သည့် ရှင်းလင်းပြောဆိုမှု၊ အကြံပြုချက်များ မပြုလုပ်ခဲ့ကြောင်းကို တွေ့ရှိ၍ နောက်ထပ် ဒီလိုအခြေအနေမျိုး မဖြစ်အောင် ထည့်သွင်း စဉ်းစားသွားရန် လိုအပ်ကြောင်း အကြံပြုအပ်ပါသည်။

MyJustice

yHhydk;ulnDonfh zGJUtpnf

European Union

taumiftxnfazmfaqmif&Gufonfh zGJUtpnf

BRITISH COUNCIL


**ကြေငြာချက်**

ယခုစာတမ်းတွင် ပါဝင်သော အချက်အလက် အမြင်များသည် ရေးသားပြုစုသူ၏ အမြင်များသာဖြစ်သည်။ ဥရောပသမဂ္ဂ၊ ဗြိတိသျှကောင်စီနှင့် MyJustice စီမံကိန်းတို့၏ ထင်မြင်ယူဆချက်များ လုံးဝမဟုတ်ပါ။